www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** ၄၉၉/၂၀၀၃ (၆)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၅၈၃/၂၀၀၃ (၇)
**ထုတ်ဝေသူ** ဦးခင်မောင်သိန်းဆွေ (မြဲ ၀၇၄၇)
သလ္လာဝတီစာပေတိုက်
တိုက် ၂၄၀၊ အခန်း (၃)၊ (၂၅)ရပ်ကွက်၊
ဇေယျာသုခလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
**ပုံနှိပ်သူ** ဒေါ်ချိုချိုအေး
ရူဝံပုံနှိပ်တိုက်
အမှတ် ၂၁၈၊ (၃၁)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းသရုပ်ဖော်** ကိုသန်းအောင်
**အဖုံးဒီဇိုင်း** ကိုသူသ
**ကွန်ပျူတာစာစီ** ကိုတင်ထွဋ်
**ထုတ်ဝေသည့်လ** နိုဝင်ဘာလ
**ထုတ်ဝေသည့်အကြိမ်** ပထမအကြိမ်
**အုပ်ရေ** ၅၀၀
**တန်ဖိုး** ၄၀၀ ကျပ်
**ဖြန့်ချိရေး** ထွန်း စာပေ
အမှတ် ၁၆၃၊ ဆူးလေဘုရားလမ်းနှင့်
အနော်ရထာလမ်းထောင့်၊ ရန်ကုန်မြို့။
ဖုန်း ၂၄၃၉၀၄

■

www.burmeseclassic.com

စင်အေး

# နှစ်သက်စရာ ဟာသများ

ထွန်း စာပေ
အမှတ် ၁၆၃၊ ဆူးလေဘုရားလမ်းနှင့်အနော်ရထာလမ်းထောင့်၊ရန်ကုန်။ ဖုန်း ၂၄၇၃၉၀၄

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဒါပါနာတယ် | ၁ |
| ၂။ | တစ်ပေါက်ကိုပါ | ၂ |
| ၃။ | ဆရာဝန်က ပြောတယ် | ၃ |
| ၄။ | တိုက်မိမှာ မဟုတ်ဘူး | ၄ |
| ၅။ | မဟုတ်ဘူး အဖေဗျ | ၅ |
| ၆။ | ရှိမှ မရှိတာ | ၆ |
| ၇။ | လွယ်ပါတယ် | ၇ |
| ၈။ | လုပ်နိုင်ပြီ | ၉ |
| ၉။ | သိပ်နည်းတယ် | ၁၀ |
| ၁၀။ | ဒါကိုမြင်လို့ | ၁၁ |
| ၁၁။ | ဂရုစိုက်တာ | ၁၂ |
| ၁၂။ | ဒါကြောင့်ပါ | ၁၃ |
| ၁၃။ | စိုနေတုန်း | ၁၅ |
| ၁၄။ | မနေ့က | ၁၆ |
| ၁၅။ | အချိန်မရလို့ | ၁၇ |
| ၁၆။ | အရင်စားခဲ့လို့ | ၁၈ |
| ၁၇။ | လုပ်ကြည့်ရမှာလား | ၁၉ |
| ၁၈။ | ဒီလိုထင်ထားတယ် | ၂၀ |
| ၁၉။ | သိတတ်သူ | ၂၁ |
| ၂၀။ | ဖယောင်းတိုက်ထားလို့ | ၂၂ |
| ၂၁။ | မေ့သွားပြီ | ၂၃ |
| ၂၂။ | စွမ်းအင်ဆုံးရှုံးတဲ့ ဇာတ်လမ်း | ၂၅ |
| ၂၃။ | ဒါပဲရှိတယ် | ၂၆ |

www.burmeseclassic.com

၂၄။ သူများ အိမ်မှာလေ ၂၇
၂၅။ ဘုရားစာ ဆိုနေတာပါ ၂၈
၂၆။ ရှိမှ မရှိနေတော့တာ ၂၉
၂၇။ လုပ်ကြည့်ပေးပါဦး ၃၀
၂၈။ တော်မှ မတော်တာ ၃၁
၂၉။ အော်မိမှာ စိုးလို့ ၃၃
၃၀။ ငါလိုချင်တာက ၃၄
၃၁။ ခင်ဗျား ရှင်နေတာပဲလေ ၃၅
၃၂။ သုံးလုံးပါပဲ ၃၇
၃၃။ ဒါကြောင့် ပြောနိုင်တာပါ ၃၉
၃၄။ ဟုတ်လည်း ဟုတ်မယ်၊ ဟုတ်လည်း မဟုတ်ဘူး ၄၀
၃၅။ ဒါ့ထက် ဆိုးတယ် ၄၁
၃၆။ ဆိုတာကို ရပ်လိုက်လို့ ၄၂
၃၇။ အရှုံးပေးလိုက်တာကိုး ၄၃
၃၈။ တီးလို့မှ မရတော့တာ ၄၄
၃၉။ ပြောလိုက်တဲ့ စကား ၄၅
၄၀။ သင်ပေးတာက ၄၇
၄၁။ တစ်လှည့်စီ ၄၉
၄၂။ ဖြစ်ပါတယ် ၅၀
၄၃။ သူပြောလို့ ၅၁
၄၄။ ဒီအပေါ် တည်တယ် ၅၃
၄၅။ ကြောင်တစ်ကောင်တည်း ၅၄
၄၆။ နောက်တစ်ခုရှိတယ် ၅၅
၄၇။ ဒီက မဟုတ်လို့ ၅၆
၄၈။ ဒါတော့ လုပ်ပေးပါ ၅၇
၄၉။ တခြားလူတွေကို ပတ်ပါတော့လား ၅၉
၅၀။ အဲဒီအတိုင်း ရပ်နေ ၆၁
၅၁။ ပြန်ထားပေးမလို့ ၆၂
၅၂။ ရှာမှ မရှာတော့ဘဲ ၆၃
၅၃။ ရေခဲတုံးပါ ၆၄

www.burmeseclassic.com


| | | |
|---|---|---|
| ၅၄။ | [illegible] | ၆၅ |
| ၅၅။ | အခုမှ မှန်လို့ | ၆၆ |
| ၅၆။ | အလုပ် မဖြစ်ပါဘူး | ၆၇ |
| ၅၇။ | စိတ်ကူးထဲက ကြောင် | ၆၈ |
| ၅၈။ | နင်ပါ ပါတယ် | ၆၉ |
| ၅၉။ | မကွာစေနဲ့ | ၇၀ |
| ၆၀။ | ဘယ်နားရှက်လဲ | ၇၁ |
| ၆၁။ | နှစ်ဆဖြစ်နည်း | ၇၂ |
| ၆၂။ | တစ်လုံးပဲ ကျန်တယ် | ၇၃ |
| ၆၃။ | အဲဒီလောက် အေးတာ | ၇၄ |
| ၆၄။ | အချိုကြိုက်တဲ့ ခွေး | ၇၅ |
| ၆၅။ | ရှိမှာက | ၇၅ |
| ၆၆။ | အကြဲက | ၇၆ |
| ၆၇။ | လုပ်နိုင်လို့လား | ၇၇ |
| ၆၈။ | ခါးပိုက်နှိုက်နှင့် ဇနီးသည် | ၇၉ |
| ၆၉။ | ကားအင်ဂျင် | ၈၀ |
| ၇၀။ | ဘယ်အချိန်လဲ | ၈၀ |
| ၇၁။ | အမေပါ | ၈၁ |
| ၇၂။ | ဗလာမှ မဟုတ်တော့ဘဲ | ၈၁ |
| ၇၃။ | ခေါ်ခဲ့လည်း ရတယ် | ၈၂ |
| ၇၄။ | ဆိုလိုတာက | ၈၃ |
| ၇၅။ | ဒါကြောင့်ပေါ့ | ၈၃ |
| ၇၆။ | ပြင်လိုက်တယ် | ၈၄ |
| ၇၇။ | ဒါကြောင့်မို့ | ၈၄ |
| ၇၈။ | မဆိုခဲ့ခင် အထိ | ၈၅ |
| ၇၉။ | နောက်ထပ်မရှိ | ၈၅ |
| ၈၀။ | ရေနစ်နေတာ | ၈၆ |
| ၈၁။ | မေးမရတဲ့ မေးခွန်း | ၈၆ |
| ၈၂။ | အိပ်ချိန် အနည်းဆုံးလ | ၈၇ |
| ၈၃။ | ဖိနပ်စားတာ | ၈၇ |

www.burmeseclassic.com


| | | |
|---|---|---|
| ၈၄။ | ခဲ့တဲ့အခါ | ၈၉ |
| ၈၅။ | အမြီးပေါ့ | ၉၀ |
| ၈၆။ | ဒီလို လုပ်လိုက်လေ | ၉၀ |
| ၈၇။ | အတူတူလုပ်တဲ့ အလုပ် | ၉၁ |
| ၈၈။ | အရှည်ဆုံး စကားလုံး | ၉၁ |
| ၈၉။ | ဒါကြောင့်ပါ | ၉၂ |
| ၉၀။ | နစ်ဘက်ပေါ့ | ၉၂ |
| ၉၁။ | အဲဒါပေါ့ | ၉၃ |
| ၉၂။ | အဲဒါပေါ့ | ၉၃ |
| ၉၃။ | ဒါပဲပေါ့ | ၉၄ |
| ၉၄။ | မှတ်ဆိတ်ရိတ်ဆရာ | ၉၄ |
| ၉၅။ | ဒါပဲပေါ့ | ၉၅ |
| ၉၆။ | ဒါကြောင့်ပါ | ၉၅ |
| ၉၇။ | ဒါပဲလေ | ၉၆ |
| ၉၈။ | ဒါပဲ ကြာပါတယ် | ၉၆ |
| ၉၉။ | အဲဒါက လွဲရင် | ၉၇ |
| ၁၀၀။ | မေးတဲ့ မေးခွန်းက | ၉၈ |
| ၁၀၁။ | ဒါကြောင့်ပါ | ၉၈ |
| ၁၀၂။ | တစ်ခါမှ မကြားမိဘူး | ၉၉ |
| ၁၀၃။ | ဆရာဝန် | ၉၉ |
| ၁၀၄။ | ကြည့်လို့ရအောင်လို့ | ၁၀၁ |
| ၁၀၅။ | နို့ပါတဲ့ ခြောက်ခု | ၁၀၂ |
| ၁၀၆။ | အစားလျှော့စားပါ့မယ် | ၁၀၂ |
| ၁၀၇။ | ဒါကြောင့်ပါ | ၁၀၃ |
| ၁၀၈။ | ဆန့်ကျင်ဘက်အတိုင်း သွားတာ | ၁၀၃ |
| ၁၀၉။ | ဘာတဲ့လဲ | ၁၀၄ |
| ၁၁၀။ | ဘာကိုပြောတာလဲ | ၁၀၅ |
| ၁၁၁။ | လတ်မှ လတ် | ၁၀၆ |
| ၁၁၂။ | အခု ဘာလဲ | ၁၀၆ |
| ၁၁၃။ | လုပ်နိုင်ရဲ့လား | ၁၀၇ |

www.burmeseclassic.com


| | | |
|---|---|---|
| ၁၁၄။ | [illegible] | ၁၀၈ |
| ၁၁၅။ | လုပ်လိုက်ပေါ့ | ၁၀၉ |
| ၁၁၆။ | ပထမဆုံး ဖြစ်မှာက | ၁၁၀ |
| ၁၁၇။ | ဒါဆိုရင်တော့ | ၁၁၀ |
| ၁၁၈။ | စိတ်မပူပါနဲ့တော့ | ၁၁၁ |
| ၁၁၉။ | မွေးနေ့လက်ဆောင် | ၁၁၂ |
| ၁၂၀။ | ခုနစ်ရတယ် | ၁၁၂ |
| ၁၂၁။ | ဖေဖေထင်တာက | ၁၁၃ |
| ၁၂၂။ | မလိုအပ်ဘူး | ၁၁၄ |
| ၁၂၃။ | ပြန်လျှော့ကျလာရလို့ | ၁၁၅ |
| ၁၂၄။ | ခေါ်ခံလာရသူမို့ | ၁၁၆ |
| ၁၂၅။ | နှစ်မျိုးစပ်၄က် | ၁၁၉ |
| ၁၂၆။ | မျက်စိကို စုံမှိတ်သူ | ၁၂၀ |
| ၁၂၇။ | ဝမ်းသာစရာက | ၁၂၁ |
| ၁၂၈။ | အခု လုပ်နေသလို | ၁၂၂ |
| ၁၂၉။ | အပေါ်ထပ်မှာ မီးလင်းနေလို့ | ၁၂၃ |
| ၁၃၀။ | မှုတည်တာက | ၁၂၄ |
| ၁၃၁။ | ထပ်ခုန်ချမယ် မထင်လို့ | ၁၂၅ |
| ၁၃၂။ | အကျိုးရှိပုံက | ၁၂၆ |
| ၁၃၃။ | သူတို့က | ၁၂၇ |
| ၁၃၄။ | သုံးဦးမြောက် | ၁၂၈ |
| ၁၃၅။ | ခေါ်နေတာက | ၁၂၉ |
| ၁၃၆။ | တတ်မှ မတတ်ဘဲ | ၁၃၀ |
| ၁၃၇။ | ဒီတစ်ခါတော့ မရဘူး | ၁၃၁ |
| ၁၃၈။ | ဖြစ်နေတာက | ၁၃၂ |
| ၁၃၉။ | ငါးကြိမ်ရှိပြီ | ၁၃၃ |
| ၁၄၀။ | ပြေးပေတော့ | ၁၃၄ |
| ၁၄၁။ | လူမဟုတ်ဘူး | ၁၃၅ |
| ၁၄၂။ | အမှတ်တမဲ့ ကြားလိုက်ရပုံက | ၁၃၆ |

www.burmeseclassic.com

# ဒါပါ နာတယ်

လူနာက ဆရာဝန်အား ပြောလေသည်။ ‘ဆရာ... ကျွန်တော့် လက်မောင်းလည်း နာတယ်။ ဗိုက်ကလည်း နာတယ်။ ခြေထောက်ကလည်း နာတယ်။ လည်ပင်းရော... ပခုံးရော နာနေတယ်။’

ဆရာဝန်က ခေါင်းညိတ်ရင်း ပြန်ပြောလေသည်။ ‘ကျုပ်... ချက်ချင်း စစ်ဆေးကြည့်ပေးမယ်။ ကျုပ် စစ်ဆေးကြည့်နေတုန်း စိတ်ကို လျှော့ထားပါဗျာ။’ ဆရာဝန်သည် တူသေးသေးလေး တစ်ချောင်းကိုယူ၍ လူနာ၏ တုံ့ပြန်မှုရှိမရှိ စမ်းသပ်ရန် ဒူးခေါင်းကို အသာ ထုနှက်လိုက်၏။ ‘အခု... ဘယ်နဲ့နေလဲ’ ဟု မေးလိုက်လေသည်။

လူနာက ညည်းတွားရင်း ‘အခု... ကျွန်တော့် ဒူးခေါင်းလည်း နာသွားတယ် ဆရာ’ ဟု ဖြေလိုက်တော့သည်။

❖

www.burmeseclassic.com


# တစ်ပေါင်ကိုပါ

| | |
|---|---|
| လူ | = 'ခင်ဗျားရဲ့ ဆင်တွေကို ဘယ်လောက်ဈေးနဲ့ ခင်ဗျားရောင်းမှာလဲ။' |
| ထိန်းကျောင်းသူ | = 'ဆင့် ငါးဆယ်နဲ့ပါ။' |
| လူ | = အို! ဈေးသက်သက်သာလိုက်တာ။ ဆင်တစ်ကောင်ကို ဆင့်ငါးဆယ်ပဲ။' |
| ထိန်းကျောင်းသူ | = 'မဟုတ်ပါဘူး။ အလေးချိန် တစ်ပေါင်ကို ဆင့်ငါးဆယ်လို့ ပြောတာပါ။' |

❖

www.burmeseclassic.com


## ဆရာဝန်က ပြောတယ်

| | |
|---|---|
| ရဲ | = 'အစ်မကြီး၊ အစ်မကြီး သားက သူ့ကိုသူ ခွေးတစ်ကောင်လို့ ထင်နေတယ်။ အစ်မကြီး သူ့ကို ဆရာဝန်ဆီ ခေါ်သွားပြီး စစ်ဆေးသင့်တယ်။' |
| အမျိုးသမီး | = 'ကျွန်မ ခေါ်သွားပြီးပါပြီ။ တိရစ္ဆာန်ဆေးကု ဆရာဝန်က သူရဲ့ ကျန်းမာရေး လုံးဝကောင်းတယ်လို့ ပြောပါတယ်။' |

❖

www.burmeseclassic.com


## တိုက်မိမှာ မဟုတ်ဘူး

အရက်သမားတစ်ဦးသည် အရက်ဆိုင်ထဲမှ ဒယိမ်းဒယိုင်နှင့် ထွက်လာပြီး တယ်လီဖုန်းတိုင် တစ်တိုင်ကိုလည်းကောင်း၊ အမှိုက်ပုံးကိုလည်းကောင်း ဝင်တိုက်ကာ မောက်မာသော အပျိုကြီးတစ်ဦး ရှေ့တည့်တည့် လမ်းပေါ်တွင် ဘိုင်းခနဲ ပစ်လဲကျသွားလေသည်။

အမျိုးသမီးက အေးစက်စက် လေသံဖြင့် ဆူပူလေသည်။

'ကျွန်မသာ ရှင့်လို အခြေအနေမျိုးမှာဆိုရင်တော့ ကျွန်မကိုယ်ကျွန်မ သတ်ပစ်မိမှာပဲ။'

ထိုအခါ အရက်သမားက 'ဒီမှာ အမျိုးသမီး… ခင်ဗျားသာ ကျုပ်လို အခြေအနေမျိုးမှာဆိုရင်တော့ ခင်ဗျား ကျုပ်လို ဝင်တိုက်မိမှာ မဟုတ်ဘူး။'

❖

www.burmeseclassic.com

## မဟုတ်ဘူး အဖေဗျ

ယခုခေတ် ကောင်လေးများသည် မိန်းကလေးများနှင့် ကြည့်ရသည်မှာ တူနေ၍ အလွန်ရှုပ်ထွေးစရာပင် ဖြစ်နေ၏။ ကောင်လေးများသည် ဆံပင်ရှည်ထားလိုထား၊ မိန်းမကိုင် လက်ကိုင်အိတ် ကိုင်လိုကိုင်နှင့် နားစွဲပင် ပန်တတ်ကြသည်။

စားသောက်ဆိုင် တစ်ဆိုင်၌ လူတစ်ယောက်ထိုင်နေစဉ် မိန်းကလေးတစ်ဦး ဆိုင်ထဲသို့ ဝင်လာလေသည်။ အခြားစားပွဲတွင် ထိုင်နေသောသူဘက်သို့ လှည့်၍ ထိုသူက 'ဒီနေ့ခေတ်ကြီးမှာဗျာ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေလိုဖြစ်နေတာ မကောင်းဘူးဗျာနော်' ဟု ပြောလိုက်၏။

ထိုအခါ ထိုသူက 'အဲဒါ သားလေးပါ' ဟု ကောင်မလေးကို လက်ညှိုးညွှန်၍ ပြော၏။

'အို... ကျွန်တော် တောင်းပန်ပါတယ်။ ခင်ဗျား သူ့အမေ ဖြစ်နေမှန်း မသိလို့ပါ။'

ထိုအခါ 'မဟုတ်ဘူး' 'ကျုပ်က အဖေဗျ' ဟု မကျေမချမ်းနှင့် ပြန်ဖြေလိုက်တော့သည်။

❖

www.burmeseclassic.com

# ရှိမှ မရှိတာ

တရားဟောဆရာက ပရိသတ်အားကြည့်၍ ပြောလိုက်လေသည်။

'ညီတော် နောင်တော်များ၊ အမတော် နှမတော်များ ခင်ဗျာ။ ဒီနေ့ဟောမယ့် တရားတော်ကတော့ လူလိမ်လူညာများ အကြောင်းပဲ ဖြစ်ပါတယ်။ ကိုးကား ဟောကြားမှာကတော့ မတ်သရူးကျမ်း၊ အခန်း သုံးဆယ်၊ အပိုဒ် ငါးက ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သိဖူးကြားဖူးပြီးသားဖြစ်တဲ့လူ ဘယ်နှစ်ယောက်များ ရှိပါသလဲ။'

တရားဟောဆရာက လှည့်ပတ်ကြည့်ရှုကြည့်ရာ သူ့ရှေ့ရှိ လူဦးရေတစ်ဝက်မျှမက လက်ထောင်ပြထားကြလေသည်။ ထိုအခါ တရားဟောဆရာက ပြောဆိုလိုက်သည်။ 'ကျုပ် တရားကို ဟောပြောပြချင်နေတာ ခင်ဗျားတို့ကိုပါပဲ။ မတ်သရူးကျမ်းမှာ အခန်း သုံးဆယ်၊ အပိုဒ် ငါး ဆိုတာ ရှိမနေပါဘူး။'

❖

www.burmeseclassic.com


# လွယ်ပါတယ်

သန်းကြွယ်သူဌေးကြီး = ‘သား၊ စီးပွားရေး လုပ်မယ်ဆိုရင် မူနှစ်မျိုးနဲ့ နေရမယ်။ အဲဒါက ရိုးသားမှုနဲ့ ဉာဏ်ပညာရှိမှုပဲ။’

သား = ‘အဖေ ဘာကို ဆိုလိုတာလဲ။’


သူဌေးကြီး = ‘အလုပ် လုပ်တဲ့အခါမှာ ရိုးသားပါ။ တစ်ခုခုလုပ်မယ်လို့သား ကတိပေးထားရင် အဲဒီကတိအတိုင်း လုပ်လို့ ဒေဝါလီခံရရင်လည်း ခံရပါစေ၊ အဲဒီ ကတိကို တည်ပါ။’

သား = ‘ဒါဆို ဉာဏ်ပညာ ရှိပါဆိုတာကရော။’

သူဌေးကြီး = ‘ဒါ ရှင်းပြရရင် လွယ်ပါတယ် သားရာ။ သား ဘယ်တော့မှ ကတိတွေ မပေးနဲ့ပေါ့။’

❖

www.burmeseclassic.com



www.burmeseclassic.com



## လုပ်နိုင်ပြီ

'ငါ အခု ငါးကို အစိမ်းလိုက်ပဲ ပြောင်းပြီး စားကြည့်နေတယ်။ တစ်လလောက်ရှိပြီ။ ဘာမှ မစားဘူး၊ ငါး အစိမ်းပဲ။'

'မင်းရဲ့ ကိုယ်အလေးချိန် ကျသွားလား။'

'ဟင့်အင်း။ ဒါပေမဲ့... ငါ အခု ဘောလုံးကို နှာခေါင်းပေါ်မှ ပြုတ်မကျအောင် တင်နိုင်ပြီ။ ဖျံတစ်ကောင်လိုလည်း ဟောင်နိုင်ပြီ လေ။'

❖

www.burmeseclassic.com

# သိပ်နည်းတယ်

လာစားသူ = 'စားပွဲထိုး... ဒီဆိုင်က အစားအသောက်တွေက တော်တော် အရသာညံ့တာပဲ။'

စားပွဲထိုး = 'လူကြီးမင်း... မနှစ်သက်တာ စိတ်မကောင်းပါဘူးဗျာ။ အခြား နောက်ထပ်ပြောချင်တာများ ရှိပါသေးလား။'

လာစားသူ = 'ရှိတယ်... မင်းတို့ ထည့်ပေးတဲ့ ထမင်းဟင်းတွေကလည်း သိပ်နည်းတာပဲ။'

❖

www.burmeseclassic.com


## အကိုမြင်လို့

တိရစ္ဆာန်ရုံသို့ သွားရောက်ခဲ့သော ကောင်လေးက မိခင်အား ကိုယ်မရှိဘဲ လှုပ်နေသော ခွေးအမြီးတစ်ခုကို မြင်တွေ့ခဲ့ရကြောင်း ပြော၏။ သားဖြစ်သူ ဘာဆိုလိုသည်ကို မေးမြန်းကြည့်ပြီးမှ မိခင်သည် သူ့သား မြွေတစ်ကောင်ကို မြင်တွေ့ခဲ့ကြောင်း ပြောပြနေမှန်း သိလိုက်ရတော့သည်။

❖

www.burmeseclassic.com

## ဂရုစိုက်တာ

---

အန်တိုနီ = 'မင်းက ကိုယ့်ကိုချစ်တာ၊ ကိုယ့်ကို ချစ်တာ လား၊ ကိုယ့်ငွေကို ချစ်တာလား။'

ဆူး = 'ကျွန်မ အဓိကအထားဆုံးက ရှင်ပဲပေါ့'။ ရှင့်ရဲ့ ငွေဆိုတာကို ဒသာမလောက်ပဲ ကျွန်မ ဂရုစိုက်တယ်။ ဂဏန်းငါးလုံးရဲ့နောက်က ဒသာမ နေရာကို ပြောတာပါ။'

❖

www.burmeseclassic.com


## ဒါကြောင့်ပါ

ဆရာမ = 'နတ်ပြည်ကို သွားချင်တဲ့ကလေးတွေ လက်ထောင်ပြပါ။' ဇာရန်မှလွဲ၍ ကျန်ကလေးများအားလုံး လက်ထောင်ပြကြ၏။

ဆရာမ = 'ဇာရန်... သားက နတ်ပြည် မသွားချင်လို့လား။'

ဇာရန် = 'ဟုတ်ပါတယ် ဆရာမ။ အိမ်ကို တန်းတန်းမတ်မတ် ပြန်ခဲ့ရမယ်လို့ အမေက မှာထားလို့ပါ'

❖

www.burmeseclassic.com



www.burmeseclassic.com

## စိုနေတုန်း

| | | |
|---|---|---|
| ဧည့်သည် | = | 'ဒီစောင်တွေက သန့်ရှင်းရဲ့လားဗျာ' |
| ဟိုတယ် ဧည့်လက်ခံအမှုထမ်း | = | 'သိပ်သန့်တာပေါ့ဗျာ။ မနေ့ကမှ လျှော်ထားထာပါ။ တကယ်လို့ မယုံဘူးဆိုရင် ကိုင်ကြည့်ပါလား၊ စိုနေတုန်းပဲလေ။' |

❖

www.burmeseclassic.com


## မနေ့က

| | |
|---|---|
| မိခင် | = ‘အန်တိုနီ… မျက်နှာသစ်ပစ်စမ်း။ မင်း မနက်က ဘာစားခဲ့သလဲဆိုတာ မေမေမြင်ရတယ်။’ |
| အန်တိုနီ | = ‘ကျွန်တော် ဘာစားခဲ့လို့လဲ။’ |
| မိခင် | = ‘ကြက်ဥလေ။’ |
| အန်တိုနီ | = ‘မေမေပြောတာ မှားတယ်။ အဲဒါ မနေ့က စားခဲ့တဲ့ဥစ္စာ။’ |

❖

www.burmeseclassic.com


## အချိန်မရလို့

မိခင်က ဂျင်မီအား ဆူ၏။ ‘ဂျင်မီ… သား ဂျင်းဘောင်းဘီ အသစ်ဝတ်ပြီး ချော်လဲကြရလားကွယ်။

ထိုအခါ ဂျင်မီက…

‘အဲ… သားမှာ အဲဒီ ဘောင်းဘီအသစ်ကို ချွတ်ဖို့ အချိန်မရ လိုက်လို့ပါ’ ဟု ရှက်စနိုးနှင့် ပြန်ဖြေလိုက်လေသည်။

❖

www.burmeseclassic.com


# အရင်စားခဲ့လို့

'မင်းရဲ့ ရုပ်လုံး ပြန်သွင်းထားတဲ့ ခြင်္သေ့က လှ လှချည် လားကွာ။'

'ဟုတ်တယ်။ ငါ အဲဒီ ခြင်္သေ့ကို ဟင်နရီလို့ ခေါ်တယ်ကွာ။'

'ဘာဖြစ်လို့လဲ။'

'ငါ့ ဦးလေးနာမည်အတိုင်း မှည့်ခေါ်ထားတာလေ။'

'ဘာဖြစ်လို့လဲ... မင်း ဦးလေးက ဒီခြင်္သေ့ကို ဖမ်းခဲ့လို့လား။'

'မဟုတ်ဘူး... ငါ ဖမ်းတာ။ ဒါပေမဲ့ ခြင်္သေ့က ငါ့ ဦးလေးကို အရင်စားပစ်ခဲ့လို့။'

❖

www.burmeseclassic.com


## လုပ်ကြည့်ရမှာလား

သား = 'ဒီညတော့ သား စာမကြည့်နိုင်တော့ဘူး၊ အရမ်းပင်ပန်းနေပြီ။'

ဖခင် = 'အလုပ်ပင်ပင်ပန်းပန်း လုပ်ရလို့ဆိုပြီး သေတဲ့လူဆိုတာ မရှိသေးပါဘူးကွာ။'

သား = 'ဒီတော့... သားက ပထမဆုံးဖြစ်အောင် လုပ်ကြည့်ရမှာလား။'

❖

## ဒီလို ထင်ထားတယ်

မိခင် = 'သမီး... သမီး သင်ရတဲ့ သမိုင်းဘာသာရပ်ရဲ့ ပထမဆုံး သင်ခန်းစာကို သမီး သဘောကျရဲ့လား'

ဆန်ဒရာ = 'သိပ်တော့ မကြိုက်ပါဘူး။ ဆရာမက သမီးတို့ကို သမီးတို့ မွေးတောင် မမွေးသေးခင်တုန်းက ဖြစ်ပျက်ခဲ့တာတွေကို သိလိမ့်မယ်လို့ ထင်နေတာလေ။'

❖

www.burmeseclassic.com


## သိတတ်သူ

မစွစ်စမစ် = ‘ကျွန်မ... မနက်က မှာတာ ပန်းသီးတစ်ဒါဇင်လေ။ ရှင်က ပန်းသီး ဆယ့်တစ်လုံးပဲ ပို့လိုက်တယ်။

ကုန်စိမ်းသည်= ‘ကျွန်တော်... သိပါတယ် အစ်မကြီး။ တစ်လုံးက မကောင်းတော့လို့ပါ။ နောက်ပြီး ကျွန်တော်အနေနဲ့ အစ်မကြီးက အဲဒီ မကောင်းတဲ့တစ်လုံးကို ပြန်ယူလာပြီး မကျေမနပ်စကားကို ဒုက္ခခံပြီး မပြောစေချင်လို့ပါဗျာ။’

www.burmeseclassic.com

## ဖယောင်းတိုက်ထားလို့

ထွက်ပြေးသွားသော လူသတ်သမားသည် ရဲများဝိုင်းထားသော အိမ်ထဲတွင် ရှိနေ၏။ ရဲတစ်ဦးက အသံချဲ့စက်ကိုယူ၍ ပြောလိုက်လေသည်။ 'ခင်ဗျား အထဲမှာရှိနေတယ်ဆိုတာ ကျုပ်တို့ သိတယ် စမစ်။ ငါးမိနစ်ပြည့်လို့မှ ခင်ဗျား ထွက်မလာရင်တော့ ကျုပ်တို့ ခင်ဗျားကိုဝင်ပြီး ဖမ်းရမှာပဲ။

ထိုအခါ... စမစ်က ပြတင်းပေါက်မှ လှမ်းအော်လိုက်လေသည်။ 'ကောင်းပြီလေ။ ဒါပေမဲ့... ခင်ဗျားတို့အထဲကို ဝင်မယ်ဆိုရင်တော့၊ ခင်ဗျားတို့ရဲ့ ခြေထောက်တွေကို အရင်ဆုံး ဖုန်သုတ်ပြီးမှ ဝင်လာပါ။ ကျွန်တော့်မိန်းမက ကြမ်းကို အခုလေးတင် ဖယောင်းတိုက်ထားလို့။'

❖

www.burmeseclassic.com


## မေ့သွားပြီ

စမန်သာ = 'တစ်နှစ်လောက်ကြာရင် ရှင် ကျွန်မကို မှတ်မိပါဦး မလား။'

ဆိုင်မွန် = 'မှတ်မိပါတယ်။'

စမန်သာ = 'ငါးနှစ်ကြာရင်ရော မှတ်မိပါ့မလား။'

ဆိုင်မွန် = 'မှတ်မိပါတယ်။'

စမန်သာ = 'ရှစ်နှစ်ကြာရင်ရော မှတ်မိပါ့မလား။'

ဆိုင်မွန် = 'မှတ်မိတယ်။'


စမန်သာ = 'ဒေါက်… ဒေါက်'

ဆိုင်မွန် = 'ဘယ်သူလဲ'

စမန်သာ = 'ရှင်… ကျွန်မကို မေ့သွားပြီပဲ။'

❖

www.burmeseclassic.com

www.burmeseclassic.com


# စွမ်းအင်ဆုံးရှုံးတဲ့ ဇာတ်လမ်း

ဆရာမ = 'စွမ်းအင် ဆုံးရှုံးရတဲ့ နမူနာတစ်ခုကို ဆရာမကို ပြောပြနိုင်မလား။'

မာတင် = 'ဟုတ်ကဲ့… ပြောပြနိုင်ပါတယ် ဆရာမ။ နဖူး သိပ်ပြောင်နေတဲ့ လူတစ်ဦးကို ဆံပင်ထောင်စေတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြတာပါပဲ။'

❖

www.burmeseclassic.com

## ဒါပဲရှိတယ်

လူငယ်တစ်ဦးသည် အလုပ်လာလျှောက်၍ ပုဂ္ဂိုလ်ရေးရာ ဆိုင်မန်နေဂျာက သူ့အား မေးလေသည်။

'မင်း အရက်သောက်တတ်လား။'

'ဆေးလိပ်ရော သောက်လား။'

'မသောက်ပါဘူး ခင်ဗျာ။'

'မိန်းကလေးတွေနဲ့ရော ရှုပ်တတ်လား။'

'မရှုပ်ပါဘူး ခင်ဗျာ။'

'ဒါဆို မင်းမှာ မကောင်းတဲ့အကျင့် တစ်ခုမှ မရှိဘူးပေါ့။'

'အဲ... ကျွန်တော့်မှာ မကောင်းတဲ့အကျင့် တစ်ခုပဲ ရှိပါတယ်။ အဲဒါ လိမ်ပြောတတ်တာပါပဲ။'

❖

www.burmeseclassic.com


## သူများ အိမ်မှာလေ

လူတစ်ဦးထံ နယ်မှ တူမဖြစ်သူက ဖုန်းဆက်လေသည်။ မိနစ်နှစ်ဆယ်ခန့် စကားပြောပြီးသည့်အခါ သူက တူမဖြစ်သူအား ဖုန်းပြောခ ကုန်ကြလိမ့်မည်ဟု ပြောလိုက်လေသည်။ ထိုအခါ တူမဖြစ်သူက ဦးလေးအား ပြောလိုက်လေတော့သည်။

'အို... ရပါတယ်။'

'သမီးက အိမ်မှာရှိနေတာ မဟုတ်ဘူး။ သမီး... အခု သူများ အိမ်မှာ ကလေးထိန်းပေးနေတာလေ။'

❖

www.burmeseclassic.com


# ဘုရားစာ ဆိုနေတာပါ

ကျားတစ်ကောင်သည် သာသနာပြု တစ်ဦးအား စားတော့မည့်ဆဲဆဲ အချိန်ဖြစ်၏။ အကူအညီ ကင်းမဲ့နေသော လူအား ချောင်ပိတ်မိစေ၍ ကျားသည် ဒူးထောက်ချကာ ဆုတောင်းလေတော့သည်။

ထိုအခါ သာသနာပြုက...

'ဒါ အံ့သြစရာပဲ'

'ငါ မသေတော့ဘူး'

'ကျားက ငါ့ကိုစားမှာ မဟုတ်ဘူး' ဟု အာမေဋိတ်ပြု လိုက်လေသည်။ ထိုအခိုက်မှာပင် ကောင်းကင်ဘုံမှ အသံတစ်သံကို သူကြားလိုက်ရ၏။

'သင်မှားပြီ။ ကျားက သင့်ကို စားတော့မှာ။ သူအစား မစားခင် ဘုရားစာ ဆိုနေတာလေ။'

❖

www.burmeseclassic.com

## ရှိမှ ရှိမနေတော့တာ

'တစ်နေရာတည်းကိုပဲ မိုးကြိုးနှစ်ကြိမ် မပစ်ဘူးဆိုတာ အမှန်ပဲလား။'

'ဟုတ်ပါတယ်။ ဘာလို့လဲဆိုတော့... မိုးကြိုး တစ်ကြိမ်ပစ်ခံရဘူးတဲ့နောက် အဲဒီနေရာက ရှိနေတော့မှာ မဟုတ်လို့ပါပဲ။'

❖

www.burmeseclassic.com

# လုပ်ကြည့်ပေးပါဦး

သား = 'ဖေဖေ... သားရဲ့ သင်္ချာတွေ တွက်ပေးပါလား။'

ဖခင် = 'မတွက်ပေးဘူး သား။ ဖေဖေ တွက်မယ်ဆိုရင် အဖြေမှန်မှာ မဟုတ်ဘူး။

သား = 'ဒါဆိုလည်း ဖေဖေရယ်... လုပ်တော့ လုပ်ကြည့်ပေးပါဦး။'

❖

www.burmeseclassic.com



## တော်မှ မတော်တာ

မုဆိုး = 'ညဘက်... ငါ အိပ်နေရာကနေ နိုးလာပြီ ငါ့ရဲ့ ညဝတ်အင်္ကျီနဲ့ ဖိနပ်ကို စီးထားတဲ့ ကြံ့ တစ်ကောင်ကို ငါ သေနတ်နဲ့ ပစ်လိုက်တယ်ဆိုရင် မင်း... ငါပြောတာကို ယုံမလား။'

လမ်းပြ = 'ဒါ... မဖြစ်နိုင်တာပဲ။ ခင်ဗျားရဲ့ ညဝတ်အင်္ကျီနဲ့ ဖိနပ်ကို ကြံ့တစ်ကောင်က ဘယ်လိုလုပ် ဝတ်လို့ တော်ပါ့မလဲ။'

❖

www.burmeseclassic.com



www.burmeseclassic.com


## အော်မိမှာ စိုးလို့

လူနာ = ‘ဆရာ... ကျွန်တော့်ကို ကယ်ပါခင်ဗျာ။ ကျွန်တော် ကိုယ် ကျွန်တော် ဖားတစ်ကောင်လို့ ထင်နေဖို့ ပါ။’

ဆရာဝန် = ‘စိတ်အေးအေး ထားပါဗျာ။ ခင်ဗျား ဘာလို့ ဒီလောက်တောင် ကြောက်နေ စိုးရိမ်နေရတာ လဲ။’

လူနာ = ‘ကျွန်တော်... ဖားတစ်ကောင်လို အော်မိမှာ စိုးလို့ပါခင်ဗျာ။’

❖

www.burmeseclassic.com

## ငါလိုချင်တာက

ဂျမ်နှင့်စလမ်တို့ စကားပြောနေကြ၏။

ဂျမ် = 'ငါကွာ၊ ဆင်တစ်ကောင်ဝယ်လို့ ရလောက်အောင် ငွေ လုံလုံလောက် လိုချင်မိတယ်ကွာ။'

စလမ် = 'ဆင်တစ်ကောင်ကို မင်းက ဘာ့အတွက်ကြောင့် လိုချင်ရတာတုန်း။'

ဂျမ် = 'ဆင်တစ်ကောင်ကို လိုချင်တာတော့ မဟုတ်ပါဘူး။ အဲဒီလောက်များတဲ့ငွေကို ငါ လိုချင်မိတာပါကွာ။'

❖

www.burmeseclassic.com


## ခင်ဗျား ရှင်နေတာပဲလေ

လူနာ = ‘ဆရာ... လူတစ်ယောက်ရဲ့ ဦးနှောက် အလုပ်မလုပ်ဘဲ ရပ်သွားတယ်ဆိုရင် သူ သေသွားမှာလား ဆရာ။’

ဆရာဝန် = ‘ခင်ဗျား ဘာဖြစ်လို့ ဒီလို မဖြစ်နိုင်စရာ မေးခွန်းမျိုးကို မေးနေရတာလဲ။ ခင်ဗျား အခု အသက်ရှင်နေတာပဲ မဟုတ်လား။’

❖

www.burmeseclassic.com



www.burmeseclassic.com


## သုံးလုံးပါပဲ

---

ဆရာမ = 'အိုလီဗာရေ... သားမှာ ပန်းသီး သုံးလုံးရှိမယ်။ အဲဒီထဲက တစ်လုံးကို သား စားပစ်လိုက်တယ် ဆိုရင် သားဆီမှာ ပန်းသီး ဘယ်နှစ်လုံး ကျန်နေမလဲ။'


အိုလီဗာ = 'သုံးလုံးပဲ ကျန်ပါ့မယ်။'

ဆရာမ = 'သုံးလုံးတောင်လား။'

အိုလီဗာ = 'ဟုတ်ပါတယ် ဆရာမ။ နှစ်လုံးက အပြင်မှာ၊ တစ်လုံးက ဗိုက်ထဲမှာလေ။'

❖

www.burmeseclassic.com



www.burmeseclassic.com


## ဒါကြောင့် ပြောနိုင်တာပါ

ကျောင်းဆေးခန်း ဆရာဝန်က သူ၏ ကျောင်းမိဘဖြစ်သူအား ပြောပြနေ၏။

'အစ်မကြီးသမီး မျက်မှန် တပ်ရလိမ့်မယ် ထင်တယ်။'

ထိုအခါ ကျောင်းသူ၏ မိခင်က...

'ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲဟင်' ဟု မေးလိုက်လေသည်။

ထိုအခါ ကျောင်းဆေးခန်း ဆရာဝန်က...

'အစ်မကြီးသမီး ပြတင်းပေါက်ကနေ ဝင်လာတာကိုကြည့်ပြီး ပြောတာပါ' ဟု ပြောလိုက်လေသတည်း။

❖

www.burmeseclassic.com


## ဟုတ်လည်း ဟုတ်မယ်၊ ဟုတ်လည်း မဟုတ်ဘူး

တရားသူကြီး = 'ရဲအရာရှိ ဘိုဒီ... သင့်အနေနဲ့ ဒီလူကို ဖမ်းခဲ့တုန်းက ခိုးထုပ်ခိုးထည်နဲ့ မိခဲ့သလား။'

ရဲအရာရှိ ဘိုဒီ = 'အဲ... ဟုတ်တယ်လည်း ပြောလို့ရသလို မဟုတ်ဘူးလို့လည်း ပြောနိုင်ပါတယ် တရားသူကြီးမင်း။ အထူးစားဖွယ် အရောင်းဆိုင်ကနေ ဆားနယ်ဝက်အူချောင်းနဲ့ ဝက်ပေါင်ခြောက်ကို ခိုးပြီး ကျွန်တော် သူ့ကို လက်ထိပ်မခတ်နိုင်ခင် မှာပဲ သူက စားပစ်ခဲ့လို့ပါ။'

❖

www.burmeseclassic.com


# ဒါ့ထက် ဆိုးတယ်

ဖရက်ဒ် = 'လယ်ထွန်စက် အသစ်တစ်စီး ဝယ်ရမလား၊ နွား အသစ်တစ်ကောင်ပဲ ထပ်ဝယ်ရမလား၊ ကျုပ် မဆုံးဖြတ်နိုင်ဘူးဗျာ။'

ဘာနီ = 'နွားမကို ခင်ဗျားစီးပြီးသွားရင်တော့ ခင်ဗျားကို ကြည့်ရတာ အတော် ကြောင်တောင်တောင် ဖြစ် နေမှာပဲ။'

ဖရက်ဒ် = 'ဟုတ်တယ်။ ဒါပေမဲ့ လယ်ထွန်စက်ကို ကျွန်တော် နို့ညှစ်ဖို့ လုပ်တာကမှ ပိုပြီး ကြောင်တောင် တောင်နိုင်နေဦးမှာ။'

❖

www.burmeseclassic.com

# ဆိုတာကို ရပ်လိုက်လို့

ဖရက်ဒ်က ဘာနီအား တံဆိပ်နှစ်ခု ပြလေသည်။ တစ်ခုမှာ ငွေရောင်ဆုတံဆိပ်ဖြစ်၍ တစ်မှာ အရွယ်အစားပိုပြီး ကြီးမားသော ရွှေတံဆိပ်ဖြစ်လေသည်။

ဖရက်ဒ်က ဘာနီအား ပြောလိုက်၏။

‘ငါ သီချင်းဆိုလို့ ဒီ ငွေတံဆိပ်ကို ရတာလေ’

ထိုအခါ ဘာနီက…

‘ဒါဆို… မင်း ရွှေတံဆိပ်ကို ဘာဖြစ်လို့ ရတာလဲဆိုတာကို ငါ သိပြီ။ ဆိုတာကို ရပ်လိုက်လို့ မဟုတ်လား။’

❖

www.burmeseclassic.com


## အရှုံးပေးလိုက်တာကိုး

ဖရက်ဒ် = 'ငါ့မှာ လူအယောက် တစ်ထောင်ရှိမယ်။ မင်းမှာ လူအယောက် တစ်ထောင်ရှိမယ်။ တကယ်လို့ ငါတို့ စစ်ဖြစ်တဲ့အခါကျရင် ဘယ်သူက အနိုင်ရ မလဲ။'

ဘာနီ = 'ငါ မသိဘူးကွာ... အရှုံးပေးတယ်။ ဘယ်သူနိုင် မလဲ။'

ဖရက်ဒ် = 'ငါပေါ့ကွ။'

ဘာနီ = 'ဘာဖြစ်လို့လဲ။'

ဖရက်ဒ် = 'မင်းပဲ အရှုံးပေးလိုက်တယ်လေ။ မဟုတ်ဘူးလား'

❖

www.burmeseclassic.com


## တီးလို့မှ မရတော့တာ

ဘာနီ = 'ဟေး… ဖရက်ဒ်… မင်း ဒီ ဆက်ဇိုဖုန်း လေမှုတ်တူရိယာကို ဘယ်ကနေ ရလာတာလဲကွ။'

ဖရက်ဒ = 'ဘေးအိမ်က ငနဲ့ဆီကနေ ငှားလာတာပါကွာ။'

ဘာနီ = 'မင်း ဘာလုပ်မလို့လဲကွ။ မင်းမှ မတီးမှုတ်တတ်တာပဲ။'

ဖရက်ဒ် = 'ဟုတ်တယ်လေ။ သူလည်း တီးလို့တော့ ရမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ငါ့ဆီမှာ ရှိနေလို့ပေါ့။'

❖

## ပြောလိုက်တဲ့ စကား

ဘာနီ = 'မင်း ဒီနေ့ အလုပ်မလုပ်ဘူးလားကွ ဖရက်ဒ်။'


ဖရက်ဒ် = 'အလုပ်ရှင်နဲ့ ရန်ဖြစ်လို့ကွာ။ သူ ပြောလိုက်တဲ့ စကားကို သူ ပြန်မရုတ်သိမ်းဘူးလေ။'

ဘာနီ = 'သူ ဘာပြောလိုက်လို့လဲ။'

ဖရက်ဒ် = 'အလုပ် ထုတ်ပစ်လိုက်ပြီတဲ့ကွာ။'

❖

www.burmeseclassic.com




www.burmeseclassic.com


## သင်ပေးတာက

| | | |
|---|---|---|
| ဝယ်လ်မာ | = | 'သား... ကြက်တူရွေးကို မဟုတ်မဟပ်စကားတွေ မသင်ပေးပါနဲ့လို့ မေမေ ပြောထားတယ် မဟုတ်လား။' |
| သား | = | 'သား... မသင်ပေးပါဘူး မေမေ။ သူကို သားက မပြောရမယ့်စကားကိုသာ သင်ပေးတာပါ။' |

❖

www.burmeseclassic.com



www.burmeseclassic.com


# တစ်လုံးစီ

ဘက်တီ = ဘမ်ဘမ်... ဒီလောက် တစ်ကိုယ်ကောင်းမဆန်စမ်းနဲ့။ ဘက်ဘဲကိုလည်း လျှော်ပေးစီးလိုက်ပါဦး။

ဘမ်ဘမ် = သား ပေးစီးပါတယ်။ လျှော့ကို တောင်ကုန်းပေါ်ကို သူက သယ်တယ်၊ သားက လျှောနဲ့ တောင်ကုန်းကနေ ဆင်းတယ်လေ။

❖

www.burmeseclassic.com


# ပြန်ပါတယ်

ဖရက်ဒ် = 'သွားနှုတ်ခ ဘယ်လောက်ယူသလဲ။'

သွားဆရာဝန် = '၂၅ ဒေါ်လာပါ။'

ဖရက်ဒ် = 'ဟာဗျာ... ၅ စက္ကန့်လောက်ပဲ ကြာတဲ့အလုပ်ကို ၂၅ ဒေါ်လာ ယူရတယ်လို့။'

သွားဆရာဝန် = 'ခင်ဗျား နေသာမယ်ဆိုရင်လည်း ကျုပ်... သွားကို ဖြည်းဖြည်းချင်း အချိန်ယူပြီး နှုတ်ပေးပါ့မယ်ဗျာ'

❖

www.burmeseclassic.com


## သူပြောလို့

| | | |
|---|---|---|
| ဝယ်မာ | = | ‘နှစ်သက်စရာ ပါတီပွဲအတွက် ဘက်တီကို သမီး ကျေးဇူးတင်စကား ပြောခဲ့သေးလား။’ |
| ဘက်ဘဲ | = | “မပြောခဲ့ဘူး မေမေ။ ဒါပေမဲ့… သမီးရှေ့က ကောင်မလေးကတော့ ပြောတယ်။ ဘက်တီက ‘ရပါတယ်၊ မပြောပါနဲ့’ လို့ ပြောတာနဲ့ သမီးလည်း မပြောဖြစ်ခဲ့တာပါ။” |

❖

www.burmeseclassic.com



www.burmeseclassic.com

## ဒီအပေါ် တည်တယ်

ဖရက်ဒ် = 'မင်းနောက်ကနေ ကြောင်နက်တစ်ကောင် လိုက်လာတယ်ဆိုရင် ကံဆိုးတယ်လို့ ပြောမလား။'

ဘာနီ = 'ဒါကတော့ကွာ… မင်းက လူတစ်ယောက်လား၊ ဒါမှမဟုတ်… ကြွက်တစ်ကောင်လားပေါ်မှာ မူတည်တာပေါ့ကွာ။'

❖

www.burmeseclassic.com


# ကြောင်တစ်ကောင်တည်း

ဆရာမက ဘက်ဘဲအား ပြောလိုက်၏။

'ဘက်ဘဲ... သမီး၊ အိမ်နီးချင်းကြောင်' ဆိုပြီး စာစီစာကုံး ရေးတယ်နော်။'

ထိုအခါ ဘက်ဘဲက...

'ဟုတ်ပါတယ် ဆရာမ။'

ဆရာမက ဆက်ပြောလေသည်။

'ဒါဆိုရင်... ဒါ ဘယ်လိုဖြစ်တာလဲ။ သမီးရဲ့ သူငယ်ချင်း ဘမ်ဘမ်ကလည်း ဒီစာစီစာကုံးအတိုင်းပဲ ရေးထားတယ်။'

ထိုအခါ ဘက်ဘဲက ဤသို့ ပြန်ဖြေလိုက်တော့သည်။

'လွယ်ပါတယ် ဆရာမ။ အဲဒီ ကြောင်တစ်ကောင်တည်း အကြောင်းကိုပဲ ရေးထားတာမို့လို့ပါ။'

❖

www.burmeseclassic.com


## နောက်တစ်ခုရှိတယ်

တစ်မနက်ခင်းတွင် ဘမ်ဘမ်သည် ကျောင်းသွားရန် အဝတ်အစားများ ဝတ်ဆင်၍ အောက်ထပ်သို့ ဆင်းလာလေသည်။ ဘက်တီကကြည့်၍ ပြောလိုက်လေသည်။

'မင်း ဝတ်ထားတဲ့ ခြေစွပ်တွေက တော်တော်ဆန်းတာပဲ။ တစ်ခုက အနီ၊ တစ်ခုက အစိမ်းနဲ့။'

ထိုအခါ ဘမ်ဘမ်က ပြန်ဖြေလိုက်တော့သည်။

'သိပါတယ်။ နောက်... အံ့ဆွဲထဲမှာလဲ ဒီလိုခြေစွပ်တွေလိုပဲ နောက်တစ်စုံရှိနေသေးတယ်။'

❖

www.burmeseclassic.com

# ဒီက မဟုတ်လို့

အရောင်းသမား = 'မင်း မေမေ အိမ်မှာရှိလား၊ ကလေး။'

ဘက်ဘဲ = 'ရှိတယ်။'

အရောင်းသမား = 'အဲ... ဦး၊ အိမ်တံခါးကို ခေါက်တာ လေးကြိမ်ရှိနေပြီ။ လာလည်း ဖွင့်မပေးဘူး။ ဘယ်လိုဖြစ်တာလဲကွယ်။'

ဘက်ဘဲ = 'သမီးက ဒီမှာ နေတာမှ မဟုတ်တာလေ။'

❖

www.burmeseclassic.com


## ဒါတော့ လုပ်ပေးပါ

ဘက်ဘဲတွင် လတ်လတ်ဆတ်ဆတ် လှော်ထားသည့် သစ်အယ်သီး တစ်ဒါဇင် ရှိနေ၏။ ဘက်ဘဲက အဘွားဖြစ်သူအား မေးလိုက်၏။

'ဘွားဘွား... သစ်အယ်သီး ကြိုက်လားဟင်'

ထိုအခါ အဘွားဖြစ်သူက ဖြေလိုက်၏။


'ကြိုက်တာပေါ့... ဘက်ဘဲရယ်။ ဒါပေမဲ့... ဘွားဘွားစားလို့ မရပါဘူးကွယ်။ ဘွားဘွား သွားတုယူလာဖို့ မေ့လာတယ်။'

ထိုအခါ ဘက်ဘဲက ဤသို့ပြောလိုက်တော့သည်။

'အို... ဒါဆိုရင်လည်း ဘွားဘွားရယ်၊ သမီး ကျောင်းကနေ အိမ်ပြန်ရောက်တဲ့အထိ ဒါတွေကို ကြည့်ထားပေးနိုင်မလားဟင်။'

❖

www.burmeseclassic.com



www.burmeseclassic.com


## တခြားလူတွေလို ပတ်ပါတော့လား

မတ်ရပ်နာရီကြီးတစ်လုံးအား ကိုင်ဆောင်လာသူ တစ်ယောက်နှင့် ဝယ်မာ လမ်းတွင် တိုက်မိလေသည်။

ထိုအခါ ဝယ်မာက ပြောလိုက်လေတော့သည်။

'အမလေး ရှင်... ရှင်မို့လို့ ဒါကြီးကိုများ တခြားလူတွေ လက်ပတ်နာရီပတ်သလို ပတ်ပါတော့လားရှင်။'

❖

www.burmeseclassic.com



www.burmeseclassic.com

## အဲဒီအတိုင်း ရပ်နေ

ဖရက်ဒ်သည် လျင်မြန်စွာမောင်းနှင်နေသော ကားလမ်းမ အလယ်တွင် ရပ်နေ၏။ ထိုအချိန်၌ လူတစ်ဦးအား တွေ့လိုက်ရ၍ ခေါ်လိုက်လေသည်။

'ဒီမှာ ခင်ဗျာဆေးရုံကို ကျွန်တော် အမြန်ဆုံး သွားချင်လို့ပါ။ ဘယ်လမ်းက သွားရမလဲ ပြောပြနိုင်မလား။'

ထိုအခါ ဖြေလိုက်သည်က...

'ရတာပေါ့... ဒီအဲဒီနေရာမှာပဲ ရပ်နေလိုက်' ဟူသတည်း။

❖

www.burmeseclassic.com

## ပြန်ထားပေးမလို့

မက်မွန်သီးပင်ပေါ်၌ ဘမ်ဘမ်တက်နေသည်ကို ယာသမားကြီး ဖမ်းမိသွား၏။

ယာသမားကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် အော်ပြောလိုက်လေသည်။

'မင်း အဲဒီအပေါ်မှာ ဘာလုပ်နေတာလဲ။'

ဘမ်ဘမ်က တမဟုတ်ချင်းတွေး၍ ပြောလိုက်တော့သည်။

'ဦးရဲ့ မက်ပွန်သီးတစ်လုံး ပြုတ်ကျလာလို့ ပြန်ထားပေးမလို့ပါ'

❖

www.burmeseclassic.com


## ရှာမှ မရှာတော့ဘဲ

ဘာနီ = 'ဟေး... ဖရက်ဒ်၊ မင်းကွာ ဘာဖြစ်လို့ ခေါင်းမိုးကို ပြင်နေရတာလဲ။'

ဖရက်ဒ် = 'ဟ... ပြင်ရမှာပေါ့ကွ။ အပြင်မှာ မိုးရွာနေတယ်လေ။'

ဘာနီ = 'ဒါဆိုရင်လည်း ရာသီဥတု ခြောက်သွေ့တော့မှ ပြင်ပါလားကွာ။'

ဖရက်ဒ် = 'ဟာ... မင်းကလဲ... အဲဒီအချိန်ကျရင် မိုးက ရွာမှ မရွာတော့ဘဲ။'

❖

www.burmeseclassic.com

## ရေခဲတုံးပါ

| | | |
|---|---|---|
| ဘာနီ | = | 'ရာသီဥတု ပူပြင်းတဲ့နေ့မှာ ပေါင်တစ်ရာလောက် လေးတဲ့ဝန်ကို ငါကျောနဲ့ တစ်မိုင်လောက် သယ်ခဲ့တယ်ကွာ။' |
| ဖရက်ဒ် | = | 'ဟ… ဒါဆို တစ်လှမ်းပြီး တစ်လှမ်း၊ ပိုပိုပြီး လေးလာရမယ်ကွာ။' |
| ဘာနီ | = | 'မဟုတ်ဘူး။ ပိုပြီး ပေါ့ပေါ့လာတယ်။' |
| ဖရက်ဒ် | = | 'ရှင်းပြစမ်းပါဦး။' |
| ဘာနီ | = | 'ဟ… မင်းကလဲ… ငါသယ်တာက ရေခဲတုံးလေကွာ။' |

❖

www.burmeseclassic.com

## ဒါကြောင့်ပေါ့

ဖရက်ဒ် = ‘မင်းကွာ... ငါ့ကို ဘယ်လိုလုပ် လှည့်စားနိုင်ခဲ့တာလဲကွာ။ ငါ မင်းကို ယုံထားတာ။’

ဘာနီ = ‘ဒီလောက်လည်း မတုံးနဲ့လေ။ မင်းကို မယုံတဲ့သူကို မင်း ဘယ်လိုလုပ် လိမ်လို့ရပါ့မလဲ။’

❖

www.burmeseclassic.com

# အခုမှ မှန်လို့

ဘာနီ = 'ငါတို့ အိမ်ထောင်ကျကတည်းကကွာ ဘက်တီ ငါ့ကို ဟိုဟာနဲ့ ပေါက်လိုက်၊ ဒီဟာနဲ့ ပေါက်လိုက်နဲ့ အခုထိပဲ။'

ဖရက်ဒ် = 'မင်းကွာ... ဒီလောက် အကြာကြီးနေတော့မှ မကျေနပ်တဲ့စကား ပြောရတယ်လို့။'

ဘာနီ = 'အဲဒီတုန်းက သူပစ်တာ ငါ တစ်ခါမှ မမှန်ခဲ့ဖူးဘူးလေ။'

❖

www.burmeseclassic.com

# အလုပ်မဖြစ်ပါဘူး

ပက်ဘဲ = 'မေမေ... မေမေ့ မျက်နှာမှာ လိမ်းထားတာ ဘာတွေလဲ။'

ဝယ်မာ = 'အဲဒါ မျက်နှာလိမ်းကရင်(မ်)ပေါ့ကွယ်။ ပိုလှလာအောင် လိမ်းတာလေ။'

မျက်နှာလိမ်းကရင်(မ်)အား ဝယ်မာဖျက်ပြီးသည့်နောက်တွင် ပက်ဘဲက ယခုကဲ့သို့ ပြောလိုက်တော့သည်။

'အလုပ်မဖြစ်ဘူး... ဟုတ်တယ် မဟုတ်လား။'

❖

www.burmeseclassic.com

# စိတ်ကူးထဲက ကြောင်

ဖရက်ဒ် = 'သေတ္တာထဲက ဘာလဲကွ… ဘာနီ။'

ဘာနီ = 'ကြောင်ပါကွာ။'

ဖရက်ဒ် = 'ဘာလုပ်ဖို့လဲကွ။'

ဘာနီ = 'ညတိုင်း… ငါ ကြွက်တွေအကြောင်း အိပ်မက် မက်တယ်ကွာ။ ငါ့အိပ်မက်ထဲက ကြွက်တွေကို ဒီကြောင်က ဖမ်းမှာကွ။'

ဖရက်ဒ် = 'မဖြစ်နိုင်တာကွာ။ အဲဒီကြွက်တွေဆိုတာက တကယ် ရှိနေတာမှ မဟုတ်တာ။'

ဘာနီ = 'ဟုတ်တယ်လေ… သေတ္တာထဲက ကြောင်ကလည်း ဒီအတိုင်းပဲလေ။'

❖

www.burmeseclassic.com

## နင်ပါ ပါတယ်

ပက်ဘဲ = 'ငါ မနေ့ညက မဖြစ်နိုင်စရာ ခပ်ကြောင်ကြောင် နိုင်တဲ့ အိပ်မက်တစ်ခု မက်ခဲ့တယ်။ အဲဒါ ကြောင်တယ်လို့ နင် မထင်ဘူးလား။'

ဘမ်ဘမ် = 'နင့် အိပ်မက်က ကြောင်တောင်တောင်နိုင်လား မနိုင်ဘူးလားဆိုတာ ငါက ဘယ်လိုလုပ် သိပါ့မလဲ။'

ပက်ဘဲ = 'နင် သိရမှာပေါ့။ အဲဒီ အိပ်မက်ထဲမှာ နင်ပါ ပါတာပဲ။'

❖

www.burmeseclassic.com


## မဏ္ဍာဓေနု

ဘက်တီ = 'ဘာနီ... မင်း မုတ်ဆိတ်ရိတ်ခဲ့တယ် ဆိုတာ သေချာရဲ့လား။'

ဘာနီ = 'သိပ် သေချာတာပေါ့။'

ဘက်တီ = 'ဒါဆို... နောက်တစ်ခါ ရိတ်တဲ့အခါ မုတ်ဆိတ်ရိတ်ဓားနဲ့ ခပ်နီးနီးမှာနေကွာ။'

❖

www.burmeseclassic.com


## ဘယ်နားရွက်လဲ

ဖရက်ဒ် = ‘ခဲတံကို ကိုယ် ဘယ်မှာထားမိပါလိမ့်။’

ဝယ်မာ = ‘ရှင်ဟာလေ... ရှင့်နားရွက်နောက်ဘက်မှာလေ။’

ဖရက်ဒ် = ‘ပြောပြစမ်းပါကွာ။ ကိုယ်... အလုပ်ရှုပ်နေလို့။ ဘယ်နားရွက်နောက်မှာလဲ။’

❖

www.burmeseclassic.com

## နှစ်ဆပြန်နည်း

ဖရက်ဒ် = 'မင်းပိုက်ဆံကို နှစ်တိုးစေမယ့် သေချာတဲ့ နည်းလမ်းကို ငါ သိတယ်။

ဘာနီ = 'ပြောစမ်းပါဦး။'

ဖရက်ဒ် = 'ပိုက်ဆံကို နှစ်ခေါက်ချိုး ခေါက်လိုက်၊ ပြီးရင်... အိတ်ကတ်ထဲ ပြန်ထည့်လိုက်ပေါ့။'

❖

www.burmeseclassic.com


# တစ်လုံးပဲ ကျန်တယ်

ဖရက်ဒ်သည် ဘူတာရုံတစ်ရုံ၌ ရောက်နေပြီး ရထားပေါ်တက်ရန် အသင့်ဖြစ်နေ၏။ ထိုအခိုက်တွင် နေ့လယ်စာ မစားခဲ့ရသေးကြောင်း အမှတ်ရလိုက်၍ ကောင်လေးတစ်ယောက်အား အော်ခေါ်ကာ ပြောလိုက်၏။

'ဒီမှာ... နှစ်ဆယ့်ငါးဆင့်စေ့ ယူသွား၊ ဘူတာရုံထဲက စားသောက်ဆိုင်ကနေ အသားညှပ်ပေါင်မုန့် ဦးစားဖို့ ဝယ်ခဲ့။ ရော့... နောက်ထပ် နှစ်ဆယ့်ငါးဆင့်စေ့။ မင်းလည်း မင်းစားဖို့ ဝယ်လိုက်။ '

ရထားထွက်ခါနီးဆဲဆဲတွင် ကောင်လေးသည် ပြေးထွက်လာပြီး ဖရက်ဒ်အား နှစ်ဆယ့်ငါးဆင့်စေ့ ပြန်ပေးကာ ပြောလိုက်တော့သည်။

'ဒီမှာ ဦးရဲ့... နှစ်ဆယ့်ငါးဆင့်စေ့ပါ ဦး။ ဆိုင်မှာ အသားညှပ်ပေါင်မုန့် တစ်လုံးပဲ ကျန်တော့လို့။'

❖

www.burmeseclassic.com

## အဲဒီလောက် အေးတာ

ဖရက်ဒ် = 'မနှစ်ဆောင်းတွင်းတုန်းက ဒီမြို့မှာ ဘယ်လောက်တောင် အေးလဲဆိုတော့... ဖယောင်းတိုင်မီးတွေတောင် ခဲကုန်တယ်ကွာ။ မှုတ်ပြီး ငြိမ်းပစ်လို့တောင် မရဘူး။'

ဘာနီ = 'ငါတို့မြို့မှာတော့ ဘယ်လောက်တောင် အေးသလဲဆိုရင် စကားပြောတယ် မကြံနဲ့ ပြောလိုက်တာနဲ့ စကားလုံးတွေက ခဲပြီး ထွက်ကျလာတယ်။ ဒီတော့... ဘာပြောလိုက်တာလဲဆိုတာကို သိဖို့ အဲဒီ ခဲနေတာတွေကို ချက်ဖြုတ်ပစ်မှရတယ်ကွ'

❖

www.burmeseclassic.com


## အချိုကြိုက်တဲ့ ခွေး

'ကျုပ်ခွေးက အချိုကြိုက်တယ်ဗျ'

'ခင်ဗျား ဘယ်လိုလုပ်သိလဲ'

'ကျုပ်ခွေးက ကိတ်မုန့်ရှိတဲ့ လမ်းကြောင်းကိုပဲ ခြေရာခံတယ်လေ။'

❖

## ရှိမှာက

ဆရာ = 'ဂျိုဝီရေ... မင်းမှာ နွားမအကောင် နှစ်ဆယ်ရှိမယ်။ ဆရာက နောက်ထပ်အကောင် နှစ်ဆယ် ထပ်ပေးမယ်ဆိုရင် မင်းမှာ နွားမ ဘယ်နှစ်ကောင်ရှိမလဲ'

တပည့် ဂျိုဝီ = 'နို့စား နွားမခြံတစ်ခြံ ရှိပါလိမ့်မယ် ဆရာ'

❖

www.burmeseclassic.com

## အကြံဉာဏ်

ဂျက်(စ်) = 'ကြက်ဖက၊ ကြက်မတွေကို ဘာ အကြံဉာဏ် ပေးလဲ။'

ပက်(စ်) = 'ကြက်ဖက ကြက်မတွေကို အကြံပေးတာက၊ ဥတွေကို ခြင်းတစ်ခြင်းထဲမှာပဲ မထည့်လိုက်နဲ့တဲ့'

❖

www.burmeseclassic.com



## လုပ်နိုင်လို့လား

ဂျူဒီ = ‘ကျွန်မ သဘောကျတဲ့လူ ဘယ်သူ့ကိုမဆို ကျွန်မ လက်ထပ်နိုင်တယ်ဆိုတာ ရှင့်ကို ကျွန်မ ပြမယ်’

ဆယ်လီ = ‘ဖြစ်နိုင်တာပေါ့ကွာ။ ဒါပေမဲ့ မင်းက ဘယ်သူ့ကိုမှ သဘောကျမှာမှ မဟုတ်တာ။’

❖

www.burmeseclassic.com



www.burmeseclassic.com

# ခါးပိုက်နှိုက်နှင့် ဇနီးသည်

ခွင့်ပြုချက်မရဘဲ လူတစ်ယောက်ရဲ့ အိတ်ကတ်ထဲက ငွေကို ယူတဲ့သူဟာ ခါးပိုက်နှိုက်။

ခွင့်ပြုချက်မရဘဲ ယောကျ်ားရဲ့ အိတ်ကတ်ထဲက ငွေကို ယူတဲ့သူဟာ ဇနီးသည်။

❖

www.burmeseclassic.com

## ကားအင်ဂျင်

■ အမြန်ဆုံးတော့ ပြေးနိုင်ပါရဲ့။ ဒါပေမဲ့… နေရာက မရွေ့တာ ဘာလဲ။

▲ ကားအင်ဂျင်စက်ပေါ့။

❖

## ဘယ်အချိန်လဲ

■ ကြောင်တစ်ကောင် အိမ်ထဲကို မဝင်တဲ့အချိန်ဟာ ဘယ်အချိန် လဲ။

▲ တံခါးပိတ်ထားတဲ့ အချိန်ပေါ့။

❖

www.burmeseclassic.com


## အမေပါ

ဆရာမ = 'ဂျိန်းက အအေးမိပြီး ကျောင်းမတက်နိုင်ဘူးလို့ ပြောတယ်နော်။ အခု... ကျွန်မ စကားပြောနေတာ ဘယ်သူပါလဲ။

အသံ = 'ကျွန်တော့် အမေပါ။'

❖

## ဗလာမှ မဟုတ်တော့ဘဲ

ဘာမှမရှိတဲ့ သေတ္တာထဲကို ပန်းသီးဘယ်နှစ်လုံး ထည့်နိုင်မလဲ။

တစ်လုံးပဲပေါ့။ အဲဒီတစ်လုံး ထည့်ပြီးတဲ့အခါ သေတ္တာက ဗလာမှ မဟုတ်တော့တာ။

❖

www.burmeseclassic.com

## ခေါ်ခဲ့လည်း ရတယ်

ဂျင်(စ်) = 'ငါ... မင်းရဲ့ ပါတီပွဲကို (ဒီနေ့ညတော့) မလာနိုင်တော့ဘူးကွာ။ ငါ... ရိုမီယိုနဲ့ ဂျူးလီယက် သွားကြည့်မလို့။

တင်(စ်) = 'ရပါတယ်ကွာ။ သူတို့ကိုလည်း ခေါ်ခဲ့ပေါ့။ လူပိုများတော့ ပိုပျော်စရာကောင်းတာပေါ့။'

❖

www.burmeseclassic.com


## ဆိုလိုတာက

| | | |
|---|---|---|
| နတ်(တ်) | = | 'အဲဒီကောင်မလေးက မက်ပွန်သီးပဲကွ။' |
| မတ် | = | 'သူမ လှတယ်လို့ မင်း ဆိုလိုတာလား' |
| နတ်(တ်) | = | 'မဟုတ်ဘူး၊ ကျောက်ခဲလို မာကျောတဲ့ နှလုံးသား ရှိတယ်လို့ ပြောတာ။' |

❖

## ဒါကြောင့်ပေါ့

■ ဘာဖြစ်လို့ မြို့ပေါ်က လူကြီးလူကောင်းတွေဟာ ထီးကို ကိုင်ဆောင်ထားတတ်ကြတာလဲ။

▲ ဘာဖြစ်လို့လဲဆိုတော့ ထီးတွေက သူတို့ဘာသာသူတို့ လမ်းမလျှောက်တတ်ကြလို့ပါ။

❖

www.burmeseclassic.com

## ပြင်လိုက်တယ်

ဆရာမ = ‘မင်းကို မှောက်လိုက်တာ ကျွန်မပါ’ ဆိုတဲ့ ဝါကျကို ဆန့်ကျင်ဘက် ပြင်ပြောပါ။

ကျောင်းသူ = ‘မင်းကို မှောက်လိုက်တာ ကျွန်မ မဟုတ်ပါဘူး။’

❖

## ဒါကြောင့်ပို့

သား = ‘အမေ၊ သားအိမ်ဘေးမှာ ထောင်ထားတဲ့လှေကားကို တိုက်ချလိုက်မိတယ်။’

မိခင် = ‘သား ဖေဖေကို သွားပြောလိုက်လေ။’

သား = ‘ဖေဖေက အားလုံးသိတယ်။ ဖေဖေ အခု ခေါင်မိုးကို တွဲလဲခိုထားလို့။’

❖

www.burmeseclassic.com


## မဆိုခဲ့ခင် အထိ

■ သူမ ဆိုလိုက်တာက၊ နာမည်ကျော် သီချင်းတစ်ပုဒ် မဟုတ်လား။

▲ သူမ အဲဒီသီချင်းကို မဆိုခဲ့ခင်အထိကတော့ ဟုတ်ပါတယ်။

❖

## နောက်ထပ် မရှိ

ကောင်လေး = ‘ဖိနပ် အသစ်ကို စီးရတာ သား ခြေထောက် နာတယ်။’

အမေ = ‘အံ့ဩစရာမှ မဟုတ်တာဘဲ။ သား ခြေထောက် မှားစီးမိလို့ ဖြစ်မှာပေါ့။’

ကောင်လေး = ‘ဒါပေမဲ့ သားမှာမှ နောက်ထပ် ခြေထောက်မှ မရှိတာ။’

❖

www.burmeseclassic.com

## ရေနစ်နေတာ

ကယ်ဆယ်ရေးအစောင့် = 'ဒီနေရာမှာ ရှစ်နာရီ ကျော်ပြီးရင် ရေစိမ်လို့ မရတော့ဘူး။

မိန်းကလေး = 'ကျွန်မက ရေစိမ်နေတာ မဟုတ်ဘူး၊ ရေနစ်နေတာ။'

❖

## မေးမရတဲ့ မေးခွန်း

'ဟုတ်ပါတယ်' လို့ သုံးပြီး မဖြေနိုင်တဲ့ မေးခွန်းက ဘယ် မေးခွန်းလဲ။'

'မင်း အိပ်ပျော်နေပြီလား' ဆိုတဲ့ မေးခွန်းပေါ့။'

❖

www.burmeseclassic.com


## အိပ်ချိန် အနည်းဆုံးလ

■ လူတွေ… အိပ်ချိန်အနည်းဆုံးလဟာ ဘယ်လလဲ။

▲ ဖေဖော်ဝါရီလပေါ့။ အဲဒါ အတိုဆုံးလပဲလေ။

❖


## ဖိနပ်စားတာ

■ ခြေထောက်မရှိဘဲနဲ့ ဖိနပ်ပါးအောင် စားတတ်တာ ဘာလဲ။

▲ ပလက်ဖောင်းပေါ့။

❖

www.burmeseclassic.com



www.burmeseclassic.com


## ခဲတဲ့ အခါ

■ ရေတွေကို ပိုက်ကွန်နဲ့ ဘယ်အခါမှာ ထိန်းထားနိုင်မလဲ။

▲ ရေတွေ ခဲနေတဲ့အခါပေါ့။

❖

www.burmeseclassic.com


# အမြီးပေါ့

- ■ ကြောင်တစ်ကောင် သွားတဲ့နောက် အမြဲလိုက်နေတာ ဘာလဲ။
- ▲ သူ့အမြီးပေါ့။

❖

# ဒီလို လုပ်လိုက်လေ

'ဆရာ... ဆရာ၊ ကျွန်တော့်ဒူးတွေ အချင်းချင်းရိုက်နေတယ်'

'အဲ... ဒါဆိုလည်း အဲဒီဒူးတွေမှာ လင်ကွင်းတွေ ချည်ပေးလိုက်။ ပြီးရင်... ကျောင်းဘင်ခရာအဖွဲ့ထဲ ဝင်လိုက်လေ။'

❖

www.burmeseclassic.com

## အတူတူလုပ်တဲ့ အလုပ်

တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေ တစ်ချိန်တည်း တစ်ပြိုင်နက်တည်း အတူတကွလုပ်တဲ့အရာက ဘာလဲ။

အသက်ကြီးလာကြတာလေ။

❖

## အရှည်ဆုံး စကားလုံး

အဘိဓာန်ထဲမှာ အရှည်ဆုံးစကားလုံးက ဘယ်စကားလုံးလဲ။

Smiles ဆိုတဲ့ စာလုံးလေ။ ပထမစာလုံး ( S ) နဲ့ နောက်စာလုံး( s ) ရဲ့အကြားမှာ တစ်မိုင်တောင်ရှိတယ်။

❖

www.burmeseclassic.com


## ဒါကြောင့်ပါ

■ ဘာဖြစ်လို့ သင့်ရဲ့နှာခေါင်းက ၁၂ လက်မအထိ မရှည်တာလဲ။

▲ တစ်ပေဖြစ်သွားမှာ စိုးလို့ပါ။

❖

## နှစ်ဘက်ပါ

■ သေတ္တာတစ်လုံးမှာ ဘက် ဘယ်နှစ်ဘက်ရှိလဲ။

▲ နှစ်ဘက်ပါ။ အပြင်ဘက်နဲ့ အတွင်းဘက်ပါ။

❖

www.burmeseclassic.com


## အဲဒါပေါ့

■ ဆင်တစ်ကောင်လောက် ကြီးပေမယ့် အလေးချိန် တစ်အောင်စတောင် မရှိတာ ဘာလဲ။

▲ ဆင်ရဲ့ အရိပ်လေ။

❖

## ဒါပဲပေါ့

■ အတက်ပဲရှိပြီး အဆင်းမရှိတာ ဘာလဲ။

▲ လူ့ အသက်ပေါ့။

❖

www.burmeseclassic.com

## ဒါပဲပေါ့

- ■ ဝက်ဝံတစ်ကောင်မှာ အမွေး အထူဆုံးဘက်ဟာ ဘယ်ဘက် လဲ။
- ▲ အပြင်ဘက်ပေါ့။

❖

## မုတ်ဆိတ်ရိတ်ဆရာ

- ■ တစ်နေ့ကို မုတ်ဆိတ် အခါနှစ်ဆယ် ရိတ်တဲ့သူကို ဘာလို့ခေါ် မလဲ။
- ▲ မုတ်ဆိတ်ရိတ်ဆရာပေါ့။

❖

www.burmeseclassic.com


## ဒါလဲပေါ့

■ လူတစ်ယောက် ထိပ်မပြောင်အောင် တားဆီးပေးတာ ဘာလဲ။

▲ ဆံပင်လေ။

❖

## ဒါကြောင့်ပါ

■ ငှက်တွေဟာ တောင်ဘက်အရပ်ကို ဘာလို့ ပျံသန်းကြ တာလဲ။

▲ လမ်းလျှောက်ရမှာ ဝေးလွန်းလို့ပါ။

❖

www.burmeseclassic.com

## ဒါပဲလေ

■ ကွဲသွားတော့မှ သုံးလို့ရတာ ဘာလဲ။

▲ ကြက်ဥလေ။

❖

## ဒါပဲ ကြာပါတယ်

အလုပ်ရှင် = 'စမစ်ရေ... မင်း မနက်အလုပ်ကို ဘယ်နှစ်နာရီကြာမှ ရောက်လဲ။'

စမစ် = 'အို... ကျွန်တော် စက်ရုံကို ရောက်ပြီးတဲ့အခါ တစ်နာရီခွဲလောက်ပဲ ကြာပါတယ်။

❖

www.burmeseclassic.com


## အဲဒါက လွဲရင်

ရှုဒီ = 'မင်းမှာ ပြောစရာဆိုလို့ နှစ်ခုပဲ ရှိတယ်။ အဲဒီ နှစ်ခုကလွဲရင် အကကောင်းတဲ့ လူတစ်ယောက်ပဲ'

ထရှုဒီ = 'အဲဒီ နှစ်ခုက ဘာလဲ။'

ရှုဒီ = 'မင်းရဲ့ ခြေထောက် နှစ်ချောင်းလေ။'

❖

www.burmeseclassic.com


## မေးတဲ့ မေးခွန်းက

'ပထမ ဖယောင်းတိုင်က ဒုတိယ ဖယောင်းတိုင်ကို ဘာပြော လိုက်သလဲ။'

'ဒီည မင်း ငြိမ်းတော့မှာလား' တဲ့။

❖

## ခါကြောင့်ပါ

အမျိုးသမီး = 'ဘုရားသခင်က အာဒမ်ကို ဘာဖြစ်လို့ အရင်ဆုံး ဖန်ဆင်းခဲ့ရတာလဲ။'

အမျိုးသား = 'တခုခုပြောလို့ရအောင် သူ့ကို အခွင့်အရေးပေး ခဲ့တာလေ။'

❖

www.burmeseclassic.com


## တစ်ခါမှ မကြားမိဘူး

လူနာ = 'ဆရာ... ဘယ်ရီသီးချဉ် စားတာ ကျန်းမာတယ်လို့ ဆရာထင်လား။'

ဆရာဝန် = 'အဲ... မကောင်းဘူးလို့ လာပြောတာ ကျွန်တော် တစ်ခါမှ မကြားမိဘူး။'

❖


## ဆရာဝန်

ဆရာဝန် = 'ခင်ဗျား မျက်လုံးကို စစ်ဆေးကြည့်ဖူးလား။'

လူနာ = 'ဟင့်အင်း... ကျွန်တော့် မျက်လုံးတွေက အရင်တည်းက အနက်ရောင်ပါပဲ။'

❖

www.burmeseclassic.com

www.burmeseclassic.com


# ကြည့်လို့ရအောင်လို့

အိုလီဗာ = 'သမီး မျက်လုံးတွေကို မှိတ်ထားပြီး မှန်ရှေ့မှာ သမီး ဘာဖြစ်လို့ ရပ်နေတာလဲ။'

ရိုစီ = 'သမီး အိပ်ပျော်နေတဲ့အခါ ဘာနဲ့ တူမလဲဆိုတာ ကြည့်လို့ရအောင်လို့ပါ။'

❖

www.burmeseclassic.com


## နို့ပါတဲ့ ခြောက်ခု

ဆရာမ = 'နို့ပါတဲ့ အရာခြောက်ခုကို ပြောပြစမ်း။'

ဒိုရာ = 'ကြက်ဥနို့ပေါင်း၊ ကိုကိုးမှုန့်နဲ့ နွားမလေးကောင်ပါ'

❖

## အစားလျှော့စားပါ့မယ်

ဆရာမ = 'ကဲ... စမန်သာရေ သမီး၊ သမီးရဲ့ အမေအရွယ် လောက် ဖြစ်လာရင် သမီး ဘာလုပ်မလဲ။'

စမန်တာ = 'အစားလျှော့စားပါ့မယ် ဆရာမ။'

❖

www.burmeseclassic.com



## ဒါကြောင့်ပေါ့

■ လူသုံးယောက် လှေပေါ်ကနေ ပြုတ်ကျသွားတယ်တဲ့။ ဒါပေမဲ့ နှစ်ဦးပဲ ဆံပင်ရေစိုကုန်တယ်။ အဲဒါ ဘာကြောင့်လဲ။

▲ အခြားတစ်ယောက်က ကတုံးပြောင်ဖြစ်နေလို့ပေါ့။

❖

## ဆန့်ကျင်ဘက်အတိုင်း သွားတာ

■ ဆန့်ကျင်ဘက် ဦးတည်ရာအတိုင်း သွားတာ ဘာလဲ။

▲ ကားလမ်းလေ။

❖

www.burmeseclassic.com


## ဘာတဲ့လဲ

■ တစ်နေကုန်နောက်က လိုက်နေပြီ ညကျမှ မလိုက်ဘဲနေတော့တာ ဘယ်သူလဲ။

▲ လူ့အရိပ်လေ။

❖

x x x x x

■ အစမရှိ အဆုံးမရှိတာ ဘာလဲ။

▲ စက်ဝိုင်းလေ။

❖

www.burmeseclassic.com


## ဘာကို ပြောတာလဲ

အမျိုးသားသရုပ်ဆောင် = 'ဓာတ်ပုံသမားတော့ ကိုယ့်ရဲ့ အလှဆုံးဘက်ကို အမိအရ ဓာတ်ပုံရိုက်နိုင်ပြီလို့ ထင်တာပဲ။'

အမျိုးသမီးသရုပ်ဆောင် = 'ဘာလဲ... ရှင့်ခေါင်းရဲ့ နောက်ဘက်ခြမ်းကို ပြောတာလား။'

❖

www.burmeseclassic.com


## လတ်မှ လတ်

---

ဝယ်လ်မာ = 'ဒီ နွားနို့က လတ်ဆတ်ရဲ့လား။'

ဂရိုစာ = 'ဒီမှာ အမျိုးသမီး၊ လွန်ခဲ့တဲ့ သုံးနာရီတုန်းက ဒီနို့က နို့တောင် မဖြစ်သေးဘူး။ မြက်ပဲ ရှိသေးတယ်။'

❖

## အခု ဘာလဲ

---

ဘက်တီ = 'ကျွန်မ အကောင်းဆုံးချက်တတ်တာ အသားညှပ်ပေါင်မုန့်လုပ်တာနဲ့ ပန်းသီးမုန့် ဖုတ်တာပဲ။

ဝယ်မာ = 'ဟုတ်လား... ဒါဆို အခုဟာက ဘာလဲ။'

❖

www.burmeseclassic.com


## လုပ်နိုင်ရဲ့လား

ဖရက်ဒ် = 'ကြက်ဥအဖြူရောင်ဥတဲ့ ကြက်မတစ်ကောင် ငါရထားတယ်ကွာ။'

ဘာနီ = 'ဒါများ... ဘာဆန်းတာ မှတ်လို့။'

ထိုအခါ ဖရက်ဒ်က ပြောချလိုက်တော့သည်။

'မင်း လုပ်နိုင်လို့လား။'

❖

## ဘယ်တော့မှ

| | | |
|---|---|---|
| ဘာနီ | = | 'ဖရက်ဒ်... ကော်ဖီကို မင်း ဘယ်လက်နဲ့ မွှေနေတယ်နော်။' |
| ဖရက်ဒ် | = | 'ဟုတ်တယ်။' |
| ဘာနီ | = | 'ဒါဆို... ဇွန်းနဲ့ဘယ်တော့မှ မွှေမှာလဲ။' |

❖

www.burmeseclassic.com


## လုပ်လိုက်ပေါ့

ဝယ်လ်မာ = ‘လူခြောက်ယောက်ကို ခရမ်းချဉ်သီး ငါးလုံးနဲ့ ဘယ်လိုလုပ် ကျွေးမွေးနိုင်မှာတုန်း။’

ထိုအခါ ဖရက်ဒ်က ဤသို့ ပြောလိုက်တော့သည်။

‘ဒါဆိုလည်း လွယ်ပါတယ်၊ ခရမ်းချဉ်သီးတွေကို ကျွေးလို့ရအောင် ကြိတ်ချေပစ်လိုက်ပေါ့ကွာ။’

❖

## မစိုရတဲ့ အကြောင်းက

■ လူလေးယောက်၊ ထီး တစ်ချောင်းတည်းအောက်မှာ ရှိနေကြတယ်။ ဒါပေမဲ့ ဘယ်သူမှ ရေမစိုကြဘူး၊ ဘာဖြစ်လို့လဲ။

▲ မိုး ရွာမနေလို့။

❖

www.burmeseclassic.com

## ပထမဆုံး မြစ်မှာက

ဘာနီ = 'မင်း မြစ်ထဲကို ကျသွားမယ်ဆိုရင် ပထမဦးဆုံး မင်း ဘာဖြစ်မလဲ။'

ဖရက်ဒ် = 'ရေစိုမှာပေါ့။'

❖

## ဒါဆိုရင်တော့

ဘက်ဘဲ = 'ညဘက်ကျရင် အိပ်ရာကို ငါ ဘာကြောင့် သွားရတာလဲ။'

ဖရက်ဒ် = 'အိပ်ရာက မင်းဆီကို လာမယ်ဆိုရင်တော့ မင်း သွားစရာ မလိုဘူးပေါ့။'

❖

www.burmeseclassic.com


## စိတ်မပူပါနဲ့တော့

ဘမ်ဘမ် = မေမေရေ… သမီး ခွဲပစ်လိုက်မိမှာ မေမေ စိုးရိမ်နေတဲ့ ပန်းအိုးကို မေမေ မှတ်မိရဲ့လားဟင်။

ဘက်တီ = မှတ်မိတာပေါ့ကွယ်။ ဘာဖြစ်လို့လဲ။

ဘမ်ဘမ် = အခု… အဲဒါနဲ့ပတ်သက်ပြီး မေမေ စိတ်ပူနေစရာ မလိုတော့ဘူး… သိလား။

❖

www.burmeseclassic.com


## မွေးနေ့လက်ဆောင်

ဝယ်မာ = 'ဖရက်ဒ်ရေ... မြန်မြန်လာပါဦး။ ပက်ဘဲ မတ်စေ့ တစ်စေ့ အခုပဲ မျိုချလိုက်လို့။'

ဖရက်ဒ် = 'ထားလိုက်ပါကွာ။ မနက်ဖြန် သူ့မွေးနေ့ပဲ။'

❖

## ခုနှစ်ရတယ်

ဘာနီ = 'သုံးနဲ့လေး ပေါင်း ကိုးဆိုတာနဲ့ သုံးနဲ့လေး ပေါင်း ကိုးရတယ်ဆိုတာ ဘယ်ဟာက အမှန်လဲ။'

ဖရက်ဒ် = 'ဘယ်ဟာမှ မမှန်ဘူး။ သုံးနဲ့လေး ပေါင်းတာ ခုနှစ်။ '

❖

www.burmeseclassic.com


## ပေပေထင်တာက

ဖခင်ဖြစ်သူသည် သမီးအား ကျောင်းသို့ လိုက်ပို့ပေးလေ့ရှိသည်။ တစ်မနက်တွင် သမီးဖြစ်သူသည် ကားထဲရောက်ပြီးမှ အိမ်ထဲတွင် ပစ္စည်းတစ်ခုကျန်ခဲ့သည်ကို အမှတ်ရလိုက်၍ ပြန်ယူရန် အိမ်ထဲသို့ အမြန်ပြေးသွားလေသည်။ ထိုအချိန်၌ ဖခင်ဖြစ်သူက သမီးမရှိတော့သည်ကို သတိမထားမိဘဲ ကားမောင်းထွက်သွားတော့သည်။

အချိန်အတော်လေးကြာပြီးမှ ဖခင်ဖြစ်သူ ပြန်ရောက်လာ၏။ ထိုအခါ၌ အိမ်ရှေ့တွင်ရပ်နေသော သမီးဖြစ်သူကို တွေ့လိုက်ရ၍ ဤသို့ အော်ပြောလိုက်တော့သည်။

'လမ်းမှာ သမီးကျန်နေခဲ့တယ်လို့ ဖေဖေက ထင်နေတာ။'

❖

www.burmeseclassic.com


# မလိုအပ်ဘူး

ဆေးရုံ တစ်ရုံတည်း၌ အလုပ်အတူ လုပ်နေကြသော ဆရာဝန်တစ်ဦးနှင့် သွားဆရာဝန် တစ်ဦးတို့သည် ရုပ်ရည် ချောမောလှပသည့် သူနာပြုဆရာမလေးတစ်ဦးအား နှစ်သက် စုံမက်မိကြလေသည်။ သွားဆရာဝန်သည် ဟောပြောပွဲတစ်ပွဲသို့ တက်ရောက်ရန်ရှိနေ၍ သူနာပြုဆရာမလေးအား...

'ကိုယ်သွားတာ တစ်ပတ်လောက် ကြာလိမ့်မယ်။'

'နောက်ပြီး ကိုယ် မင်းကို လက်ဆောင်တစ်ခုပေးဖို့ ရှိတယ်။ ဒါပေမဲ့ ဒီလက်ဆောင်ကို ကိုယ်သွားတော့မှ မင်းဖွင့်ပါကွာ' ဟု ပြောလိုက်၏။ လက်ဆောင်ထုပ်ကို သူနာပြုဆရာမလေး ဖြည်ကြည့် လိုက်သောအခါတွင် ပန်းသီးခုနှစ်လုံးနှင့်အတူ ဤစာတစ်စောင် ကိုပါ တွေ့လိုက်ရတော့၏။ 'တစ်နေ့တစ်လုံး မှန်မှန်စားရင် ဆရာဝန် ဆီသွားစရာ မလိုတော့ဘူး။'

✱ **မှတ်ချက်။** အသီးအနှံဖလပါက ဘုန်းကေနေ့ချ်
သေနေပန်ပြုရန်မပြီးသည့်ပုံကို ဆိုပြီးသည်။

❖

www.burmeseclassic.com


# ပြန်လျှောက်လာရလို့

ဆောင်းတွင်း တစ်မနက်ခင်း၌ အလုပ်သမားတစ်ဦးက အလုပ်ကို သူ ဘာကြောင့် လေးဆယ့်ငါးမိနစ်နောက်ကျမှ ရောက်လာရသည့် အကြောင်းကို ရှင်းပြနေ၏။

'အပြင်မှာ လမ်းအရမ်း ချော်တယ်။ ကျွန်တော် ရှေ့ကို တစ်လှမ်း လှမ်းလိုက်တာနဲ့ နောက်ကို နှစ်လှမ်းချော်ပြီး ပြန်ရောက်သွားတယ်။'

အလုပ်ရှင်က သူ့အား သံသယမျက်လုံးအစုံနှင့် ကြည့်ရင်း...

'အို... ဟုတ်လား။ ဒါဆို... ခင်ဗျား ဒီကို ဘယ်လိုလုပ်ပြီးတော့ ရောက်လာရတာလဲ။'

ထိုအခါ အလုပ်သမားက...

'နောက်ဆုံးတော့... ကျွန်တော်လည်း လက်လျှော့ထားလိုက်ရတော့တာပေါ့။ အိမ်ကနေပဲ ပြန်စ လျှောက်လာခဲ့တာမို့ပါ' ဟု ပြောလိုက်လေတော့သည်။

❖

www.burmeseclassic.com

## ခေါ်လာရသူမို့

သတင်းထောက် လူငယ်တစ်ဦးသည် လူသတ်မှုအကြောင်း သတင်းရသဖြင့် ကုမ္ပဏီကားတစ်စီးအား ခေါ်လိုက်၏။ ရောက်လာသောအခါ ကားပေါ်တက်၍ ဒရိုင်ဘာအား လိပ်စာကို ပြောလိုက်လေသည်။ အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်သွားသောအခါ လူအုပ်ကြီး စုဝေးနေလေသည်။ ရပ်ကြည့်နေသူများအား ဘာဖြစ်ခဲ့တာလဲဟု မေးကြည့်ပြီး အသတ်ခံရသူ၏ အိမ်နီးချင်းအတော်များများကိုလည်း အင်တာဗျူးကြည့်၏။ ကျန်ရစ်သူမိသားစုဝင်အချို့ကိုလည်း အင်တာဗျူးကြည့်၏။ ထို့နောက်... လူရွယ်သတင်းထောက်သည် လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးအနက် ကြည့်နေသူတစ်ယောက်ထံသို့ လှမ်းသွား၍...

www.burmeseclassic.com


'ခင်ဗျားက အိမ်နီးနားချင်း တစ်ယောက်လား' ဟု မေးလိုက်၏။

ထိုလူက...

'မဟုတ်ပါဘူး' ဖြေ၏။

'မိသားစုဝင် တစ်ဦးလား'

'မဟုတ်ပါဘူး။ ဘာမှ မတော်ပါဘူး'

'ခင်ဗျားနဲ့ အသတ်ခံရတဲ့လူနဲ့ ဘယ်လိုပတ်သက်မှုရှိပါသလဲ'

'ဘယ်လိုမှ မပတ်သက်ပါဘူး'


'ဒါဆိုရင် ခင်ဗျားက ဒီမှာ ဘာလုပ်ဖို့ ရောက်နေတာလဲ'

ထိုအခါ မေးခံရသူက...

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က... ခင်ဗျား ဒီကိုခေါ်လာတဲ့ ဒရိုင်ဘာမို့ပါ' ဟု ဖြေလိုက်တော့သည်။

❖

www.burmeseclassic.com



www.burmeseclassic.com


## နှစ်မျိုးစပ်ငှက်

မေး ။ စာပို့ ခိုတစ်ကောင်နဲ့ သစ်တောက်ငှက်တစ်ကောင်ကို မျိုးစပ်လိုက်တယ် ဆိုတဲ့ သိပ္ပံပညာရှင်တစ်ယောက် အကြောင်းကို ကြားမိလား။ ဘာဖြစ်သွားတယ်တဲ့လဲ။

ဖြေ ။ ပို့လိုတဲ့နေရာကို စာတွေ အရောက်သွားပို့ပေးရုံမက ရောက်တာနဲ့ အိမ်တံခါးကိုခေါက်တဲ့ ငှက်တစ်ကောင်ကို သူ ရသွားတာပေါ့။

❖

www.burmeseclassic.com


# မျက်စိကို စုံမှိတ်သူ

နှစ်လမ်းမောင်းယာဉ်ကြော၌ အခြားကားတစ်စီး ပေါ်လာတိုင်း ကြောက်ရွံ့တတ်သော အလွန်စိုးရွံ့တတ်သည့် အမောင်းသင်တစ်ဦးအား ကားမောင်းသင်ပေးသည့် ဆရာက ကားမောင်းနည်းသင်တန်းပေးနေ၏။ သို့ရာတွင်... တစ်နေ့၌ သူတို့နှစ်ဦးသည် ရောက်နေကျ ထိုနှစ်လမ်းမောင်းသည့် လမ်းမပေါ်သို့ ရောက်သွား၏။ အမောင်းသင် ကျောင်းသူသည် စိုးရွံ့စိတ် လုံးလုံးမရှိဘဲ တည်ငြိမ်၍နေ၏။

ထိုအခါ ကားမောင်း သင်ပေးသူက...

'ဒီတစ်ခါတော့ မင်း တော်တော်ဟုတ်တယ်။ ဘာမှမဖြစ်ဘူး' ဟု အံ့သြသင့်စွာ ပြောလိုက်၏။

ထိုအခါ အမောင်းသင် ကျောင်းသူက...

'ဟုတ်တယ်လေ'

'အခုဟာက နောက်ကားတစ်စီးလာတာကို ကျွန်မ မြင်လိုက်တာနဲ့ မျက်လုံးကို စုံမှိတ်ပစ်လိုက်တော့လို့လေ' ဟု ဖြေလိုက်လေသတည်း။

❖

www.burmeseclassic.com


# ဝမ်းသာစရာက

တရားခံဘက်မှ ရှေ့နေက သူ့အမှုသည်အား ပြောလိုက်၏။

‘ခင်ဗျားကို ပြောဖို့ သတင်းကောင်းရော၊ သတင်းဆိုးရော ရှိတယ်။’

‘ပထမဆုံးသတင်းဆိုးကို အရင်ပြောပြမယ်။ သွေးစစ်ထားတာ ရောက်လာပြီး။ ခင်ဗျားရဲ့ မျိုးဗီဇ ဒီအန်အေ(DNA) နဲ့ အမှုဖြစ်တဲ့ နေရာမှာတွေ့တဲ့ ဒီအန်အေ(DNA)နဲ့ အတူတူပဲ။’

အမှုသည်က...

‘အို... မဟုတ်တာပဲ။’ ‘ဒါဆိုရင် သတင်းကောင်းဆိုတာကရော ဘာလဲ။’

ထိုအခါ ရှေ့နေက...

‘ခင်ဗျားရဲ့ သွေးထဲက အဆီဓာတ် ကိုလက်စရော ပမာဏက ၁၄၀ ကို ကျသွားပြီ’ ဟု ဖြေလိုက်တော့သည်။

❖

www.burmeseclassic.com

## အခု လုပ်နေသလို

အနာတရ ပွန်းပဲ့ဒဏ်ရာများနှင့် အရိုက်ခံထားရသူ လူအား ကူညီ၍ ထုမပေးရင်း ရဲဝန်ထမ်းက 'ခင်ဗျား... ဘယ်လိုအရိုက်ခံရတာလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလား' ဟု မေးလေသည်။

ထိုအခါ အရိုက်ခံရသူက ဖြေလိုက်၏။

'သူ... ကျွန်တော့်ကို ရိုက်တုန်းက ကျွန်တော် အခု လုပ်သလို လုပ်နေတာပါ။'

❖

www.burmeseclassic.com


## အပေါ်ထပ်မှာ မီးလင်းနေလို့

အရက်သမားသည် အိမ်သော့အား လမ်းမီးတိုင်ထဲ ထိုးထည့်၍ ဖွင့်ရန်လုပ်နေစဉ် ရဲသားတစ်ဦးရောက်လာ၏။ ရဲသားက…

'အိမ်ထဲမှာ ဘယ်သူမှ မရှိဘူးလို့ ထင်တယ်၊ လူကြီးမင်း' ဟု ပြောလိုက်၏။

ထိုအခါ အရက်သမားက ပြဿနာမဖြစ်စေရန် ဤသို့ အဖြေပေးလိုက်၏။

'ဟုတ်လိမ့်မယ်။'

'ဒါပေမဲ့ အပေါ်ထပ်မှာ မီးလင်းနေလို့။'

❖

www.burmeseclassic.com

# မူတည်တာပ

တောထဲသို့ ပထမဆုံးအကြိမ် အမဲပစ်ထွက်သည့် အမေရိကန်ဧည့်သည်သည် ဘယ်လိုအရေးပေါ်ကိစ္စကိုမဆို သူ ဖြေရှင်းနိုင်မည်ဟု ယုံကြည်နေမိ၏။

အတွေ့အကြုံရှိသည့် ဒေသခံလမ်းပြထံသို့ မသိမသာ ချဉ်းကပ်သွား၍ ထင်တစ်လုံးလေသံနှင့် ပြောလိုက်၏။ 'လက်နှိပ်ဓာတ်မီးကို ကိုင်ထားရင် ခြင်္သေ့တွေ အနားမကပ်နိုင်ဘူးဆိုတာ ကျုပ်သိတယ်ဗျ'

ဒေသခံက ဤသို့ ဖြေလိုက်တော့သည်။

'ဟုတ်တာပေါ့' 'ဒါပေမဲ့ . . . ခင်ဗျား အဲ့ဒီလက်နှိပ်ဓာတ်မီးကို ဘယ်လောက်နှုန်းနဲ့ မြန်မြန်ကိုင်နိုင်မလဲ ဆိုတာပေါ်မှာတော့ မူတည်တာပေါ့ဗျာ။'

❖

www.burmeseclassic.com


# ထပ်ခုန်ချမယ် မထင်လို့

သူငယ်ချင်း နှစ်ဦးတို့သည် အရက်ဆိုင် တစ်ဆိုင်တွင် ဆယ့်တစ်နာရီသတင်းအား ထိုင်၍ ကြည့်နေကြ၏။ မြို့လယ်အထပ် ၂၀ ထပ်မှနေ၍ ခုန်ချမည်ဟု ခြိမ်းခြောက်ပြောဆိုနေသူ တစ်ယောက် အကြောင်း သတင်းပြောနေ၏။ သူငယ်ချင်းတစ်ဦးက အခြား တစ်ဦးဘက်သို့ လှည့်၍ 'ဒီလူ ခုန်မချဘူးကွာ။ ဆယ်ဒေါ်လာကြေး လောင်းမယ်' ဟု ပြောလိုက်၏။

သူငယ်ချင်းက သဘောတူလိုက်၏။

မိနစ်အနည်းငယ် ကြာသွားသည့်နောက်တွင် ပြတင်းပေါက် ဘောင်မှ လူသည် ခုန်ချသွား၏။ ထို့ကြောင့် ရှုံးသွားသော သူငယ်ချင်းက သူ့ သူငယ်ချင်းအား ဆယ်ဒေါ်လာ တစ်ရွက် ပေးလိုက်၏။ ထိုအခါ သူ့ သူငယ်ချင်းက . . .

'ငါ မယူပါဘူးကွာ။' 'ခြောက်နာရီ သတင်းမှာတုန်းကတည်းက သူ ခုန်ချတာ ငါမြင်ပြီးသားပါ။'

ထိုအခါ အခြား သူငယ်ချင်းဖြစ်သူက . . .

'ငါလည်း ကြည့်ခဲ့ရတာပဲ' 'ဒါပေမဲ့ သူ ထပ်ခုန်ချလိမ့်မယ်လို့ မထင်လို့' ဟု ဖြေလိုက်လေသည်။

❖

www.burmeseclassic.com

# အကျိုးရှိပုံက

နံရံရှိ အပေါက်ထဲတွင် ပုန်းနေသော ကြွက်ကလေးသည် ကြောင်ကြီးတစ်ကောင်က အပေါက်ဝတွင်ဖမ်းရန် စောင့်နေ၍ အပြင်မထွက်ရဲဘဲ ဖြစ်နေ၏။

တစ်နာရီခန့် ကြာသွားပြီးသောအခါ ကြောင်ကြီး၏ အော်သံ ရပ်သွား၏။ ထို့နောက်တွင် ကြွက်ကလေးသည် ကြက်တစ်ကောင် တွန်သံကိုသာ ကြားရ၏။ ကြွက်ကလေးက ‘ငါ အခုထွက်လို့ရပြီ။ အန္တရာယ် မရှိတော့ဘူး’ ဟု တွေးမိလိုက်၏။

သို့သော် . . . ကြွက်ကလေး ထင်ထားသကဲ့သို့မဟုတ်ဘဲ ကြောင်ကြီးသည် သူ့သားကောင်ကြွက်လေးအား စိတ်ရှည်လက်ရှည် စောင့်နေဆဲရှိ၏။ ထို့ကြောင့် ကြောင်ကြီးက ကြွက်ကလေးအား ခုန်အုပ်၍ ဝါးမျိုစားပစ်လိုက်တော့သည်။ ထို့နောက် ကြောင် ပေါက်စလေးတစ်ကောင်ဘက်သို့လှည့်၍ ပြောလိုက်တော့သည်။

‘ကဲ . . . မင်းတွေ့တယ် မဟုတ်လား။ ဘာသာစကားနှစ်မျိုး တတ်တာ ဘယ်လောက် အကျိုးရှိသလဲဆိုတာကိုလေ။’

❖

www.burmeseclassic.com


# သူတို့က

ပါမောက္ခကြီး သုံးဦးတို့သည် တက္ကသိုလ်မှ ဘူတာရုံသို့ လမ်းလျှောက်လာခဲ့ကြ၏။ သုံးဦးသားသည် စိတ်ဝင်တစား စကားပြောဆိုနေကြသဖြင့် ရထားဆိုက်သံကိုသော်လည်း မကြား၊ လက်မှတ်စစ်က 'အားလုံး ရထားပေါ်တက်ကြပါ' ဆိုသော အသံကိုလည်း မကြားခဲ့ကြပေ။ သို့သော်လည်း ရထားထွက်ခွာတော့မှ ရထားသံကို ကြားမိလိုက်ကြ၏။ ရထားနောက်သို့ ပြေးလိုက်သွားကြ၏။ သို့ရာတွင် နှစ်ဦးတည်းသာ ရထားပေါ်သို့ ခက်ခက်ခဲခဲ တက်သွားနိုင်ကြ၏။ ကျန်ခဲ့သော တတိယမြောက် ပါမောက္ခကြီးသည် ရထားအဝေးသို့ ထွက်သွားသည်ကို စိတ် မကောင်းစွာဖြင့် ကြည့်နေ၏။ ဤသည်ကိုမြင်၍ လက်မှတ်ရောင်းက 'စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ' 'သုံးယောက်မှာ နှစ်ယောက်တော့ လိုက်သွားနိုင် တာပဲ' ဟု ပြောလိုက်၏။

ထိုအခါ ပါမောက္ခကြီးက သက်ပြင်းချရင်း 'ဟုတ်ပါတယ်'။ 'ဒါပေမဲ့ . . . အဲဒီနှစ်ယောက်က ကျွန်တော့်ကို လိုက်ပို့ကြတဲ့ နှစ်ယောက်လေ' ပြောလိုက်တော့သည်။

❖

www.burmeseclassic.com

# သုံးဦးမြောက်

အဆောက်အဦးတစ်ခု၏ အပြင်ဘက်တွင် ကောင်လေး တစ်ဦးသည် အသံကျယ်ကျယ်အော်၍ သတင်းစာရောင်းနေ၏။

လူတစ်ယောက်သည် ကောင်လေးထံသို့ လျှောက်သွား၍ သတင်းစာတစ်စောင် ဝယ်လိုက်၏။ ထို့နောက် သတင်းစာကို ထိုင်၍ ဖတ်လေသည်။ သတင်းစာဖတ်၍ အနည်းငယ်ကြာသွား သောအခါ ထိုသူက 'ဟေ့ . . . ကလေး' 'ဒီသတင်းစာထဲမှာ လူနှစ်ယောက် အလိမ်ခံရတယ်ဆိုတဲ့သတင်းလည်း မပါပါလားကွ' ဟု မကျေမချမ်းပြောလိုက်၏။

ထိုအခါ ကောင်လေးက ထပ်အော်လိုက်တော့သည်။

'အပိုသတင်း ပါတယ်၊ အပိုသတင်းပါတယ်' 'လူသုံးယောက် အလိမ် ခံရလို့ခင်ဗျာ။'

❖

www.burmeseclassic.com


# ခေါ်နေတာက

သာသနာပြုတစ်ဦးသည် တောအုပ်တစ်အုပ်သို့ လမ်းလျှောက်ဖြတ်ရင်း ဒေသခံတစ်ဦး ဗုံတီးနေသည်ကို တွေ့လိုက်ရ၏။ သို့နှင့် 'ခင်ဗျား ဘာလုပ်နေတာလဲ' ဟု မေးကြည့်လေသည်။

ထိုအခါ ဒေသခံက . . .

'ဘာလို့လဲဆိုတော့ ကျွန်တော်တို့မှာ ရေမရှိတော့လို့' ဟု ဖြေ၏။

သာသနာပြုက . . .

'ဟုတ်ပြီ . . . ဒါဆို ခင်ဗျား မိုးခေါ်နေတာပေါ့' ဟု ပြောလိုက်၏။

ထိုအခါ ဒေသခံက . . .

'မဟုတ်ဘူး' 'ရေပိုက်ပြင်သမားကို ခေါ်နေတာပါ' ဟု ဖြေလိုက်တော့သည်။

❖

www.burmeseclassic.com

## တတ်မှ မတတ်ဘဲ

ကနေဒါနိုင်ငံ၊ ဆက်ကတ်ချီဝန်ပြည်နယ်၊ ဆက်ကတွန်မြို့၌ နေထိုင်ကြသည့် သူငယ်ချင်းနှစ်ဦးသည် ဆောင်းရာသီကို စိတ်ကုန်မိ၍ ခရီးသွားဌာနတစ်ခုသို့သွားကာ ဩစတြေးလျနိုင်ငံသို့ ခရီးသွားရန် ကြိုတင်မှာကြားခဲ့လေသည်။

လေယာဉ်ပျံပေါ်မှ သူတို့ ဆင်းသောအခါ ဂျာကင်အင်္ကျီ ထူထူ၊ သိုးမွေးဦးထုပ်၊ နှင်းစီး ဘွတ်ဖိနပ်တို့ကို ဝတ်ဆင်လျက် အရက်ဆိုင်တစ်ဆိုင်သို့ ဝင်သွားပြီး ထိုင်လေသည်။ ဒေသခံတစ်ဦးက သူတို့ထံလျှောက်လာ၍ ‘မင်္ဂလာရှိတဲ့ နေ့ပါ၊ အပေါင်းအသင်းတို့။ ခင်ဗျားတို့ ဘယ်ဒေသကနေ လာကြတာလဲ’ ဟု မေးလေ သည်။

ကနေဒါလူမျိုး နှစ်ဦးအနက် တစ်ဦးက . . .

‘ဆက်ကတ်ချီဝန်၊ ဆက်ကတွန်’ ဟု ဖြေ၏။

‘အို’ ဟု လာမေးသော ဩစတြေးလျလူမျိုးက ပြော၍ သူ့မိတ်ဆွေဒေသခံများဘက်သို့ လှည့်လိုက်၏။ မိတ်ဆွေဒေသခံတို့က သူ့အား ‘ဒါနဲ့ သူတို့က ဘယ်ဒေသကလဲ’ ဟု မေးလိုက်ကြ၏။

ထိုအခါ ဩစတြေးလျက . . .

‘ကျုပ်လည်း မသိဘူး’ ‘သူတို့က အင်္ဂလိပ်လိုမှ မတတ်ကြတာ’ ဟု ပြောလိုက်လေသည်။

❖

www.burmeseclassic.com


## ဒီတစ်ခါတော့ မရဘူး

ကောင်လေးတစ်ယောက်၊ သစ်သီးခြံ၌ ပန်းသီးများ ခိုးနေသည်ကို လူတစ်ယောက်မိသွား၏။ ကောင်လေးအား လက်မောင်းမှ ကိုင်ကာ ယာသမားဆီသို့ အပြစ်ပေးရန် ခေါ်သွားမည်ဟု သူက ပြော၏ လမ်းတစ်ဝက်အရောက်တွင် ဦးထုပ်ကျန်နေခဲ့သည်ကို ကောင်လေး အမှတ်ရသွား၏။ ကောင်လေးအား ဖမ်းခေါ်လာ သူက . . .

'မင်း ဦးထုပ်သွားယူနေတုန်း၊ ငါ ဒီက စောင့်နေမယ်' ဟု ပြောလိုက်၏။ သို့ရာတွင် ကောင်လေးအား နောက်ထပ် ပြန်မတွေ့ ရတော့ပေ။

နောက်တစ်ပတ် အကြာ၌ ထိုသူပင် ဤကောင်လေးအား ဖမ်းမိပြန်၍ 'ဒီတစ်ခါတော့ မင်းကို ငါယာသမားဆီ ဆွဲခေါ်သွားရမယ်'ဟု ပြောလိုက်၏။ ယာတောသို့ သူတို့မရောက်ခင်၌ ကောင်လေးက . . .

'ဦး . . . ကျွန်တော့်ဦးထုပ်ကို သစ်သီးခြံထဲမှ မေ့ကျန်ခဲ့ပြီ' ဟု ပြောလိုက်၏။

ထိုအခါ ဖမ်းခေါ်လာသူက သရော်ပြုံးပြုံးပြီး . . .

'ဒီတစ်ခါတော့ မင်း. . . ငါ့ကို လှိမ့်လို့ မရတော့ပါဘူးကွာ၊ ချာတိတ်ရာ'

'မင်း ဒီကပဲစောင့်နေ။ မင်းဦးထုပ်ကို ငါ သွားယူပေးမယ်' ဟု ပြောလိုက်လေတော့သည်။

❖

www.burmeseclassic.com

# ဖြစ်နေတာက

အမျိုးသမီးတစ်ဦးအား သေသေချာချာ စမ်းသပ်စစ်ဆေး ကြည့်ပြီးနောက် ဆရာဝန်က ဆေးစာ ရေးနေရင်း အမျိုးသမီးအား ရှင်းပြလေသည်။

'အစ်မကြီး အိပ်ရာက အထမှာ ရေဖန်ခွက် တစ်ခွက်နဲ့ အစိမ်းရောင်ဆေးလုံးကို သောက်လိုက်။ နေ့လယ်စာ စားပြီးရင် အပြာရောင်ဆေးလုံးကို ရေဖန်ခွက်တစ်ခွက်နဲ့ သောက်။ အိပ်ရာဝင်ခါနီးမှာလည်း အနီရောင်ဆေးလုံးကို ရေဖန်ခွက် တစ်ခွက်နဲ့ သောက်။'

ထိုအခါ အမျိုးသမီးက ဆရာဝန်အား. . .

'ဆရာ. . . ကျွန်မ အခု ဖြစ်နေတာက ဘာလဲဟင်' ဟု မေးလိုက်၏။

ဆရာဝန်က ဤသို့ ပြန်ပြောလိုက်၏။

'အစ်မကြီးဖြစ်တာက ရေကို ဝဝလင်လင် မသောက်တာပဲ။'

❖

www.burmeseclassic.com


# ငါးကြိမ်ရှိပြီ

လူနာ။ ‘ဆရာ. . . ကျွန်တော် အိပ်ပျော်သွားတာနဲ့ ဟောက်တော့တာပါပဲ. . . ဆရာရယ်။’

ဆရာဝန်။ ‘ခင်ဗျား ဟောက်သံက ကျယ်လို့လား။’

လူနာ။ ‘ဟုတ်တယ်ဆရာ. . . အသံ အရမ်းကျယ်ပါတယ်။’

ဆရာဝန်။ ‘ဒါဆို ခင်ဗျားမိန်းမကို အနှောင့်အယှက် ဖြစ်စေလို့လား။’

လူနာ။ ‘ကျွန်တော့်မှာ အိမ်ထောင်မရှိပါဘူး ဆရာ။’

ဆရာဝန်။ ‘ဒါဆို ခင်ဗျားတစ်ကိုယ်တည်း အိပ်တာပဲ။ ပြဿနာမရှိဘူးလို့ ကျွန်တော်ထင်တယ်။’

လူနာ။ ‘ပြဿနာမရှိဘူး ဟုတ်လား။ အဲဒါကြောင့်ပဲ ကျွန်တော် အလုပ်ဖြုတ်ခံရတာ ငါးခါရှိပြီ။’

❖

www.burmeseclassic.com


## ပြေးပေတော့

လူတစ်ယောက်သည် လမ်းလျှောက်လာရင်း လူခေါ် ခေါင်းလောင်းအား လှမ်းခုန်၍ တီးရန်လုပ်နေသော ကောင်လေး တစ်ဦးအား တွေ့သွား၏။ သို့နှင့် ကောင်လေးရှိရာသို့ လမ်းလျှောက်သွားပြီး ကောင်လေးအား ခေါင်းလောင်းတီးပေး လိုက်၏။ ထို့နောက် ကောင်လေးအား . . .

'ကဲ. . . အခု ဘာလုပ်မလဲ' ဟု မေးလိုက်၏။

ထိုအခါ ကောင်လေးက. . .

'အခုလား. . . ပြေးပေတော့ဗျို့' ဟု ပြောလိုက်တော့သည်။

❖

www.burmeseclassic.com


# လူမဟုတ်ဘူး

အရက်ဆိုင်တစ်ဆိုင်၌ လူပျိုတစ်ဦးက လူကြီးပိုင်းအရွယ် လူတစ်ယောက်အား သူလက်ထပ်ရန် မိန်းကလေးတစ်ဦး ရှာဖွေနေကြောင်း ပြော၏။ ထိုအခါ လူကြီးက ပြုံးလိုက်ပြီး. . .

'ကံကောင်းတာပဲ။ ဦးမှာ အိမ်ထောင်ပြုဖို့ အရွယ်ရောက်တဲ့ သမီးတစ်ယောက်ရှိတယ်။ သမီးရဲ့ မျက်လုံးတွေက သမင်မလေးလို မျက်လုံးမျိုး။ နှုတ်ခမ်းလေးတွေက နှင်းဆီဖူးလိုမျိုး၊ နားရွက်လေးတွေက သန္တာရောင်လို၊ လည်ပင်းလေးကျပြန်တော့ ဘဲငန်းလေးလို၊ အသံကလေးကျပြန်တော့လည်း တေးဆိုငှက်သံလေးလိုသမီးမျိုး ဦးမှာ ရှိတယ်ကွဲ့။ မောင်နဲ့ဆို အသင့်တော်ဆုံးပဲ။'

ထိုအခါ လူပျိုလေးက ပြန်ပြောလိုက်တော့သည်။

'ကျွန်တော် သိပ်တော့မထင်ဘူး။ ဦး သမီးက လူနဲ့မှ မတူတော့တာ။'

❖

www.burmeseclassic.com


## အမှတ်တမဲ့ ကြားလိုက်ရပုံက

‘ကျွန်မ အဘိုးက လွတ်လပ်မှု ဆိုတာကို ရှာဖို့ဆိုပြီး အမေရိကန်ကို လာတယ်။ ဒါပေမဲ့. . . ထင်သလို မဖြစ်ခဲ့ပါဘူး ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ အဘွားက နောက်သင်္ဘောနဲ့ လိုက်လာလို့လေ။’

❖

www.burmeseclassic.com

